# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက် )**

[ တနင်္လာ**နေ့** ]

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၀၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၃-၃-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ ငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ကုသ။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ပြည်နယ်မြေစစ်အစည်းအဝေး တက်ရောက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၀)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမ တစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင် အသိပေးပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပါရာကျေးရွာအုပ်စု၊ ပါရာကျေးရွာနှင့် အိန္ဒိယ-မြန်မာကျောက်တိုင် အမှတ်(၁၈) မပည - ၀၀၈၄၄၁ ဆဘောင်းထယ်ကျေးရွာ၊ ရှာအိုကျေးရွာ၊ ဟေမာပိကျေးရွာ၊ ဟေမာတေကျေးရွာများအကြား ဆိုင်ကယ်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော်တင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ချိန်၊ ၁၀:၀၈။**

**ဦးဇော်တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ပလက်ဝမြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ဒေသခံပြည်သူများ သွားလာရေး လွယ်ကူစေရန်အကျိုးငှာ ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်း ဖောက်လုပ်ပေးရေးကိစ္စကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်၊ ပါရာကျေးရွာ အုပ်စုသည် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ် ထိစပ်လျက်ရှိပြီး အိမ်ခြေ(၁၁၀)၊

လူဦးရေ(၆၆၀)ဦး နေထိုင်သောကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ပါရာကျေးရွာသည် ပလက်ဝမြို့နှင့် ကုန်းမိုင် (၁၂၀)အကွာတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အလွန့်အလွန်ခက်ခဲသောဒေသ တစ်ခုဖြစ်ပါတယ်။ ၎င်းကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး ကျန်းမာရေးဌာန(ခွဲ) တစ်ခုလည်း ရှိပါတယ်။ စားသောက်ရေးအတွက် အိန္ဒိယနိုင်ငံဘက်တွင် ဈေးဝယ်ကြပြီး ခြေလျင်ဖြင့် (၅)နာရီခန့် ကြာ သွားကြရပါတယ်။ ပညာရေး၊ ကျန်းမာရေးနှင့် အခြား လူမှုရေးကိစ္စများလည်း အခက်အခဲ များစွာရှိပါတယ်။ ပါရာကျေးရွာမှ ပလက်ဝမြို့သို့ သွားမည်ဆိုပါက ခြေလျင်ခရီးဖြင့် လမ်းတွင် တစ်ညအိပ်ခဲ့ရပြီး ၎င်းမှတစ်ဆင့် ပလက်ဝသို့ ရေကြောင်းခရီးဖြင့် ဆက်လက်သွားကြရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယ-မြန်မာ ကျောက်တိုင် အမှတ် (၁၈) မပည-၀၀၈၄၄၁ ဆဘောင်းထယ်ကျေးရွာမှ ပါရာကျေးရွာ၊ ရှာအိုကျေးရွာ၊ ဟေမာပိကျေးရွာ၊ ဟေမာတေကျေးရွာများအထိ ဆိုင်ကယ်လမ်း ဖောက်လုပ်ပေးနိုင်မည်ဆိုပါက ဒေသခံပြည်သူများ သွားလာရေး လွယ်ကူစေမည်ဖြစ်ပါတယ်။ ထို့အတူ ပညာရေး၊ ကျန်းမာရေးအခွင့်အလမ်းများနှင့် အခြားလူမှုရေးကိစ္စရပ်များလည်း အတော်အသင့် အဆင်ပြေချောမွေ့လာနိုင်မည်ဖြစ်ပါတယ်။ ဖွံ့ဖြိုး တိုးတက်မှုနှေးကွေးသောဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ အဓိကထားဆောင် ရွက်ရန် နိုင်ငံတော်၏ မူတွင်လည်း ရှိနေပြီးသားဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါ လမ်းပိုင်းအား ဆိုင်ကယ်လမ်း ဖောက်လုပ်နိုင်ရေးကိစ္စကို ဒေသခံပြည်သူများကလည်း အထူး လိုလားကြမည် ဖြစ်ပါတယ်။ ဝေးလံခေါင်သီသော ကျေးလက်ဒေသနေ ပြည်သူများ၏ အခက်အခဲများကိုလည်း ငဲ့ညှာထောက်ရှုရမှာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနအနေဖြင့်လည်း ဦးစား ပေးအဆင့်တွင် ထည့်သွင်းလျာထားသင့်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပါရာအုပ်စု ပါရာကျေးရွာနှင့် အိန္ဒိယ-မြန်မာ ကျောက်တိုင်အမှတ်(၁၈) မပည-၀၀၈၄၄၁ ဆဘောင်းထယ်ကျေးရွာ၊ ရှာအိုကျေးရွာ၊ ဟေမာပိ ကျေးရွာ၊ ဟေမာတေကျေးရွာများအကြား ဆိုင်ကယ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်။**

**ချိန်၊ ၁၀:၁၀။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါ။ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဗိုလ်ချုပ်သန်းထွဋ် မှ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပါရာကျေးရွာအုပ်စု၊ ပါရာကျေးရွာနှင့် အိန္ဒိယ-မြန်မာ ကျောက်တိုင် အမှတ်(၁၈) မပည-၀၀၈၄၄၁ ဆဘောင်းထယ်ကျေးရွာ၊ ရှာအိုကျေးရွာ၊ ဟေမာပိကျေးရွာ၊ ဟေမာတင် ကျေးရွာများအကြား ဆိုင်ကယ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း အပေါ်မှာ ပြန်လည် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကျေးရွာချင်းဆက်လမ်းဟာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းမှာ ရှိပါတယ်။ ကျေးရွာ (၄)ရွာ၊ အိမ်ခြေ (၂၁၈)အိမ်ရှိပြီး လူဦးရေ (၁၂၀၈)ဦးတို့ကို အကျိုးပြုနိုင်တဲ့လမ်းကြောင်းဖြစ်ပါတယ်။ အဆိုပါ အိန္ဒိယ-မြန်မာ ကျောက်တိုင် အမှတ်(၁၈) ဆဘောင်းထယ်ကျေးရွာမှာ ပလက်ဝမြို့နယ်၊ ပါရာကျေးရွာ၊ ရှာအိုကျေးရွာ၊ ဟေမာပိ ကျေးရွာ၊ ဟေမာတေကျေးရွာများအား ဆိုင်ကယ်လမ်း ဖောက်လုပ်ပေးရန်နှင့် ပတ်သက်၍ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ လမ်းမူဝါဒများနဲ့အညီ သတ်မှတ်ထားတဲ့ မြေလမ်း များကိုသာ ဦးစားပေး ဆောင်ရွက်လျက်ရှိပါသော်လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဒေသလိုအပ်ချက် တင်ပြလာမှုအပေါ်မှာ ဆိုင်ကယ်လမ်း ဖောက်လုပ်ပေးနိုင်ရေးအတွက် ဌာနမှ တာဝန်ရှိသူများကို သွားရောက်စစ်ဆေးစေပါမယ်။ စစ်ဆေးချက်အပေါ်မူတည်ပြီးတော့ ပြည်နယ် အစိုးရအဖွဲ့ကို တင်ပြပေးရန် လိုအပ်ပါမယ်။ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်ချက်အပေါ် မူတည်၍ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ရန်ပုံငွေ လျာထားပေးသွားမည်ဖြစ်ပါ ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်ကျေးရွာသည် ယခင်က အမြင့်မြို့ဟူ၍ ရှေးဟောင်းသမိုင်းဝင်နေရာဖြစ်ခဲ့ပြီး စေတီပုထိုး၊ တန်ဆောင်း၊ ဇရပ်၊ သိမ်၊ ကန်၊ ကျုံး စသည့် ရှေးဟောင်းသမိုင်းဝင်များ ယိုယွင်းပျက်စီး လျော့နည်း ပျောက်ကွယ်လုနီးနီး ဖြစ်နေပါသဖြင့် နိုင်ငံတော်မှ အချိန်မီ အမြန်ဆုံး ပြင်ဆင်မွမ်းမံ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ချိန်၊ ၁၀း၁၂။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးမြကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ် အမြင့်ကျေးရွာသည် ယခင်က အမြင့်မြို့ဟူ၍ ရှေးဟောင်းသမိုင်းဝင်နေရာဖြစ်ခဲ့ပြီး စေတီ၊ ပုထိုး၊ တန်ဆောင်း၊ ဇရပ်၊ သိမ်၊ ကန်၊ ကျုံး စတဲ့ ရှေးဟောင်းသမိုင်းဝင်များ ယိုယွင်းပျက်စီး လျော့နည်းပျောက်ကွယ်လုနီးနီး ဖြစ်နေပါသဖြင့် နိုင်ငံတော်မှ အချိန်မီ အမြန်ဆုံး ပြင်ဆင်မွမ်းမံ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမြင့်မြို့ဟောင်းဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မုံရွာမြို့ရဲ့တောင်ဘက် (၁၃)မိုင်ခန့်၊ ချောင်းဦးမြို့ရဲ့ အနောက်ဘက် (၇)မိုင်ခန့်အကွာအဝေးမှာ ရှိပြီးတော့ ချင်းတွင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ရှိပါတယ်။ ရှေးဟောင်းအမြင့်မြို့ဟာ ရှေးမင်းများ ထီးနန်းစိုက်ထူ စိုးစံခဲ့တဲ့ ရာဇဌာနီ မင်းနေပြည်တော်မြို့ မဟုတ်ပေမယ့် သာမန‌ဂရ ခံတပ်မြို့ရှိရာမြို့တစ်မြို့ ဖြစ်ခဲ့ဖူးပါတယ်။ ကျုံးမြို့ရိုး (၁၂)ရပ်နဲ့အတူ သာသနာထွန်းကားတဲ့ စည်ပင်နဲ့ ဘုရားစေတီပေါင်း စုစုပေါင်းအဆူ (၃၀၀)လောက် ယခုထိ ရှိနေပါသေးတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သာသနိကအဆောက်အအုံတွေဖြစ်တဲ့ တန်ဆောင်း၊ ဇရပ်၊ သိမ်၊ ကန်တို့နှင့်အတူ ဘုန်းတော်ကြီးကျောင်း (၁၃)ကျောင်း ရှိခဲ့ပါတယ်။ အိမ်တော်ကျောင်းနဲ့ ရွှေမြင်တင်ကျောင်းတို့ကတော့ ပျက်စီးပျောက်ကွယ်သွားပါပြီ။ အမြင့်မြို့ကို မင်းကြီးစွာစော်ကဲ၊ သူရဲဝန်ဦးရွှေလုံးနှင့် မင်းလက်ဝါး စတဲ့ ထင်ရှားတဲ့ပုဂ္ဂိုလ်များ အုပ်ချုပ်စီမံခဲ့ပါတယ်။ အမြင့်မြို့

ဟောင်းမှာ မင်္ဂလာဘုံပျံကျောင်း၊ မင်းရဲကျောင်းတို့ဟာ ခမ်းနားကြီးကျယ်စွာထင်ရှားခဲ့တဲ့ ကျောင်းတော်ကြီးများ ဖြစ်ခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ယခု Slide မှာဖော်ပြထားတဲ့အတိုင်း ဘုရားစေတီများဟာ မြင်မကောင်းအောင် ပျက်စီးနေပါပြီ။ စေတီပေါင်း (၃၀၀)ကျော်ရှိပေမယ့် ပြိုကျပျက်စီး မြေပုံဘ၀ ရောက်ရှိနေကြပါပြီ။ သစ်နွယ်ပင်ယှက် ခြုံပုတ်တက်နေကြပါပြီ။ ဘုရားစေတီများဟာ ပြိုကျလုနီးနီး ပွဲကြွေယိုင်နဲ့ ကြည့်လို့မကောင်းအောင် အမြင်ဆိုးနေကြပါပြီ။ ရှေးဟောင်းသုတေသနမှ ၀န်ထမ်းတစ်ယောက် ခန့်ထားပေမယ့်လို့ ယခုလို ပျက်စီးလွန်းပြီးတော့ ကြီးမားတဲ့အခြေအနေမျိုးမှာ ကုစားလို့ မရနိုင်သေးပါဘူး။ ဒီအတိုင်းပစ်ထားမိရင်တော့ နောက်ပိုင်း ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမြင့်မြို့ဟောင်း၊ အမြင့်မြို့ကျုံး ဆိုပြီးတော့ ဆိုင်းဘုတ်အနီကြီး တပ်ထားပေမယ့်လို့ ကျုံးဟာ တိမ်ကောနေပါပြီ။ ပြန်လည်တူးဖော်ပြီးတော့ ရှေးဟောင်းအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းဖို့ လိုအပ်ပါမယ်။ ကျုံးရေိယာ ပြန်လည်ဖော်ထုတ်တာတွေ၊ ကျုံးပုံသဏ္ဍာန် ပြန်လည်ပြုလုပ်တာတွေကို အရေးတကြီး ဆောင်ရွက်ဖို့လိုအပ်နေပါပြီ။ အခုဆိုရင် ကျွန်တော်ပြောခဲ့တဲ့ ရှေးဟောင်းကျောင်းကြီး (၁၃)ကျောင်းထဲမှာ (၂)ကျောင်းက လုံး၀ပျက်စီးသွားတဲ့အပြင် ကျန်(၁၁)ကျောင်းကလည်း ရှေးဟောင်းလက်ရာတွေ မရှိတော့ပါဘူး။ ပျက်စီးနေတာကို ခေတ်ပေါ်ကျောင်းများအဖြစ် တည်ရှိနေပါတော့တယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တာ၀န်ရှိသူအဆက်ဆက်က ပေါ့လျော့ပျက်ကွက်လျစ်လျူရှုခဲ့ကြလို့ မြန်မာ့ရှေးဟောင်းအမွေအနှစ်ပစ္စည်းများဟာ တကယ့်အခြေအနေမျိုးမှာ ဆုံးရှုံးနစ်နာခဲ့ရတာကို အကြောင်းပြုပြီးတော့ ယခုအချိန်မှာ တာ၀န်သိစွာနဲ့ ပြည်သူများနဲ့ ပူးပေါင်းပြီး အစိုးရက ဦးဆောင်ကာ အမြင့်မြို့ဟောင်းရဲ့ တန်ဖိုးကြီးအမွေပစ္စည်းများကို ရသလောက်၊ ကျန်သလောက် အချိန်မီ ပြုပြင်ထိန်းသိမ်းနိုင်ဖို့ ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမြင့်မြို့ဟောင်းမှ ရှေးဟောင်းဘုရားများပြိုကျ နေသည့်ပုံ (မ)




အမြင့်မြို့ဟောင်းမှ ရှေးဟောင်းဘုရားများ ပျက်စီးနေသည့်ပုံ (မ-၁)




အမြင့်မြို့ဟောင်းမှ ရှေးဟောင်းကျောင်း ပျက်စီးနေသည့်ပုံ (မ-၂)



**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ချိန်၊ ၁၀:၁၅။**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်လို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးကြည်မင်း မှ ဖြေကြားသွားမှာဖြစ်ပါ တယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်ကျေးရွာ အမြင့်ဒေသအားကာကွယ်ထိန်းသိမ်းထားသော ဇုန်အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၁၂)ဖြင့် သတ်မှတ်ထားရှိခဲ့ပြီးဖြစ်ပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် ရရှိမှုနှင့် ပတ်သက်လို့ အောက်ပါအတိုင်း ခွဲဝေရရှိတဲ့ရန်ပုံငွေများဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ (က) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မင်းအိုချမ်းသာစေတီတော် နံရံဆေးရေးပန်းချီများ ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ်(၀.၃၀၀)သန်း ဖြစ်ပါတယ်။ (ခ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အနိမ့်အမြင့်ဒေသရှိဘုရားများ စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်(၁၀)သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ (ဂ) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အမြင့်ဒေသရှိ ဘုရားအမှတ်(၆၂)(၁၃၃)(၁၃၄)(၁၃၅)(၁၃၆)(၁၃၇)(၁၃၈) စုစုပေါင်း(၇)ဆူအား မူလလက်ရာမပျက် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်(၁၄.၆)သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အမြင့်ဒေသအား ဇုန်နယ်နိမိတ်တိုင် (၁၀၅)တိုင် စိုက်ထူခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ်(၆.၆)သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီရဲ့ ထောက်ပံ့ငွေဖြင့် အမြင့်ဒေသရှိ ဘုရားအမှတ် (အမ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉) စုစုပေါင်း(၁၄)ဆူအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေကျပ်(၁၃.၉)သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ ဘုရားအမှတ် (အမ ၁၁၄၊ ၁၁၈၊ ၁၂၁၊ ၉၅) (၄)ဆူ၏ နံရံဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်(၇)သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ (ဆ) ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ အမြင့်ဒေသရှိ ရှေးဟောင်းဘုရားအမှတ် (အမ ၀၃၂၊ ၀၃၃၊ ၀၅၅၊ ၀၅၆၊ ၀၅၉၊ ၀၆၀၊ ၀၆၁၊ ၀၇၈၊ ၀၈၄၊ ၀၈၆) စုစုပေါင်း(၁၀)ဆူအား ရှေးမူလက်ရာမပျက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေကျပ်(၈၃.၄)သန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြတောင်းခံထားရှိပါတယ်။

သို့ဖြစ်ပါ၍ အမြင့်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ရှေးမူလက်ရာမပျက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ တွက်ချက်တင်ပြ တောင်းခံပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ..........................။

**ဥက္ကဋ္ဌ။** ။ ဖြေနိုင်ရင် ဖြေလိုက်ပါ။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ ဦးလှဦး ရဲ့ ဆက်စပ်မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော်တင်ပြပါမယ်။ ကျွန်တော်တို့ ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနအနေနဲ့ နိုင်ငံအနှံ့အပြားမှာ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်း အဆောက်အအုံများကို ရန်ပုံငွေ ခွဲဝေရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့ နှစ်စဉ် ထိန်းသိမ်းရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိတဲ့နည်းတူ အမြင့်ဒေသမှာရှိတဲ့ ရှေးဟောင်းအဆောက်အအုံများကို လည်းပဲ ဗိသုကာလက်ရာ၊ ယဉ်ကျေးမှုတန်ဖိုး၊ ပျက်စီးမှုအခြေအနေပေါ်မှာ မူတည်ပြီး ဦးစားပေး ရွေးချယ်ပြီးတော့မှ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်လျက် ရှိပါတယ်။ ဌာနမှ ထိန်းသိမ်းမွမ်းမံပြုပြင်မှုများဟာ အဓိကအားဖြင့် ကျွန်တော် အရှေ့က တင်ပြခဲ့ သလိုပဲ ဗိသုကာလက်ရာ၊ ယဉ်ကျေးမှုတန်ဖိုးနဲ့ ပျက်စီးမှုအခြေအနေများပေါ် အဓိကထားပြီး ဆောင်ရွက်ရတဲ့အတွက်ကြောင့် စေတီ၊ ပုထိုး၊ အဆောက်အအုံများကိုသာ ဦးစားပေးပြီးတော့ ဆောင်ရွက်နိုင်တဲ့အနေအထားရှိပါတယ်။

ဒါကြောင့်မို့လို့ တန်ဆောင်း၊ ဇရပ်၊ သိမ်၊ ကျုံး၊ ကန်များကိုတော့ ပြုပြင်မွမ်းမံနိုင်တဲ့ အနေအထားမရှိသေးပါဘူး။ သို့သော်လည်းပဲ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာတော့ တန်ဆောင်း၊ ဇရပ်၊ သိမ်၊ ကျုံး၊ ကန်များကို ကွင်းဆင်းလေ့လာ မှတ်တမ်းတင်ဖော်ထုတ်ပြီးတော့မှ ဆောင်ရွက်ရန်အတွက်ကို ရန်ပုံငွေတောင်းခံသွားမှာလည်း ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမြင့်ဒေသမှာရှိတဲ့ ရှေးဟောင်းအဆောက်အအုံ

များဟာဆိုရင် ခုနတင်ပြခဲ့တဲ့ Slide မှာ ကြည့်ရတဲ့ပုံများအရလည်းပဲ တကယ်တမ်းပျက်ဆီးမှုတွေ ပြောက်မြားစွာရှိတာကိုလည်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရရှိမှု အပေါ်မှာ မူတည်ပြီးတော့မှ ဆောင်ရွက်ရတဲ့အတွက်ကြောင့် အကယ်၍များ အမြင့်ဒေသမှာရှိတဲ့ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့ ကြံ့ခိုင်စေရေးအတွက် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိတဲ့နည်းတူပဲ အလှူရှင်များ လှူဒါန်းငွေဖြင့် မူလလက်ရာ မပျက် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လိုပါကလည်း ယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ကာကွယ် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဌာနရဲ့ကြီးကြပ်မှု၊ စည်းကမ်းသတ်မှတ်ပေးမှုများဖြင့် ခွင့်ပြုဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ပါတယ်။ အဲလိုဆောင်ရွက်တဲ့အခါမှာလည်း ဌာနကနေပြီး တော့မှ လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦး တည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

**မြန်မာနိုင်ငံ၏ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉) ခုနှစ်အရ ကလေးလုပ်သမား များ၏ အခွင့်အရေးအား ကာကွယ်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများက မည်သည့်အစီအမံယန္တရားများအား မည်သို့ထားရှိ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ချိန်၊ ၁၀:၂၂။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မ ယနေ့မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်ဥပဒေ (၂၀၁၉)ခုနှစ် အရ ကလေးအလုပ်သမားများ၏ အခွင့်အရေးအား ကာကွယ်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊

အဖွဲ့အစည်းများက မည်သည့်အစီအမံယန္တရားများ ထားရှိဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ၁၉၉၁ ခုနှစ်မှာစတင်ခဲ့ပြီးတော့ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်အခွင့် အရေးဥပဒေကို ခေတ်စနစ်နဲ့အညီ ၂၀၁၉ ခုနှစ်မှာ ပြန်လည်ပြီးတော့ ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံဟာလည်း ILO Convention – International Labour Organization Convention ရဲ့ နောက်ဆက်တွဲ ဆုံးဖြတ်ချက်အမှတ် (၁၃၈) ကလေးလုပ်သား အနိမ့်ဆုံးအသက် သတ်မှတ်ချက် ကိုလည်း လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးသူငယ် (၅)နှစ်မှ (၁၇)နှစ် အတွင်းမှာ အလုပ်လုပ်တဲ့ ကလေးသူငယ်ဟာဆိုလို့ရှိရင် (၁.၁၃)သန်း ရှိပြီးတော့ ၎င်းအနက်မှ တစ်ဝက် (၅၀)ရာခိုင်နှုန်းဖြစ်တဲ့ ကလေး (၆)သိန်းဟာဆိုရင်လည်းပဲ ဆိုးရွားသော အခြေအနေများမှာ အလုပ်လုပ်နေရတဲ့ ကလေးသူငယ်အလုပ်သမားများလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်အခွင့်အရေးဥပဒေအရ ကလေးသူငယ်နဲ့ ကလေးအလုပ်သမားများရဲ့ အခွင့်အရေးများနှင့် လုံခြုံမှုကို သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်း များက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေများမှာ ဖော်ပြထားပါတယ်။ ၎င်းဥပဒေအရ ကလေးသူငယ်အလုပ်သမားများရဲ့ အခွင့်အရေးနှင့် လုံခြုံမှုကို သက်ဆိုင်ရာမှ ကူညီ ပံ့ပိုးရန်အတွက် သက်ဆိုင်ရာဒေသများရှိ ကလေးအလုပ်သမားအရေးအတွက် ကလေးအလုပ်သမား များရဲ့ အခွင့်အရေးများနှင့် လုံခြုံမှုကို သက်ဆိုင်ရာမှ ပုံမှန်လေ့လာကြပ်မတ် ကြည့်ရှုသည့် အစီအစဉ်များ ကလေးသူငယ်များ၏ အခွင့်အရေးများ ချိုးဖောက်ခံရပါက တိုင်ကြား တရားစွဲဆို နိုင်တဲ့ ယန္တရားများ၊ ခန္ဓာကိုယ်စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရတဲ့ ကလေးအလုပ်သမားများအတွက် ခိုလှုံရာ၊ ယာယီနားခိုရာနေရာများကို သက်ဆိုင်ရာမှ ကူညီပံ့ပိုးရန် လိုအပ်မှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးအလုပ်သမား များရဲ့ အခြေအနေဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ အလုပ်လုပ်နေသော ကလေး အလုပ်သမားများဖြစ်ပါတယ်။ ဒါကတော့ ကျွန်မရဲ့မဲဆန္ဒနယ်မြေမှာ ဖြစ်ပေါ်ခဲ့တဲ့ ကလေးအလုပ် သမား Case တစ်ခု ဖြစ်ပါတယ်။ ဒါညှဉ်းဆဲခံရတဲ့ ကလေးရဲ့ကျောပြင်ဖြစ်ပါတယ်။ သူဟာဆိုရင် အသက် (၁၆)နှစ်နဲ့ ဒီစားသောက်ဆိုင်တစ်ခုမှာ အလုပ်လုပ်ရင်းနဲ့ ဆိုင်ရှင်ကနေပြီးတော့ နှိပ်စက် ထားတာဖြစ်ပါတယ်။ ယခုအချိန်မှာ ကျွန်မတို့ တရားဥပဒေကို ရင်ဆိုင်လျက်ရှိပါတယ်။ ဒါနှိပ်စက်ခံရတဲ့ ဒဏ်ရာများဖြစ်ပါတယ်။ ဟုတ်ကဲ့ သို့ပါသောကြောင့် မြန်မာနိုင်ငံရဲ့ ကလေးသူငယ်ဥပဒေ (၂၀၁၉) ခုနှစ်အရ ကလေးအလုပ်သမားများရဲ့အခွင့်အရေးများ ကာကွယ်ရေးအတွက် မည်သည့်အစီအမံ ယန္တရားများ မည်သို့ထားရှိထားသည်ကို သိရှိလိုခြင်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။


ကလေးအလုပ်သမားများ အခွင့်အရေး၊ ကာကွယ်ရေး ပြပုံ (ယ)



မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများ၏ အခြေအနေ ပြပုံ (ယ-၁)



ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ ကလေးအလုပ်သမားများ မြင်ကွင်းပုံ (ယ-၂)



**မြန်မာ့သဘော်သားများ၏ အကျိုးစီးပွားကို ထိရောက်စွာကာကွယ်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်စေရန်အတွက် အလုပ်သမားဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)ဖြင့် ထုတ်ပြန်သော အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေများ" (၂၀၁၂)။ အခန်း(၂)၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ အပိုဒ်(၄)၊ အပိုဒ်ခွဲ(စ) (၃)။ ခြွင်းချက်စာသားကို ပြင်ဆင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပြင်ဆင်မည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ပြင်ဆင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ချိန်၊ ၁၀:၂၅။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီး များနဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ အထက်ပါ ဥက္ကဋ္ဌကြီးမှ ဖတ်ကြားတင်ပြသွားတဲ့ ၂၀၁၂ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများထဲက အခန်း(၂)၊ အပိုဒ် (၄)က ခြွင်းချက်ကို ပြင်ဆင်လိုခြင်း မေးခွန်းနဲ့ ပတ်သက်ပြီး အကျိုးအကြောင်း ရှင်းလင်းတင်ပြပါမယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း United Nation အောက်ရှိ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း International Labour Organization ရဲ့ အဖွဲ့ငယ်တစ်ခုဖြစ်တဲ့ နိုင်ငံတကာ ရေကြောင်းဆိုင်ရာအဖွဲ့အစည်း International Maritime Organization မှ ၂၀၀၆ ခုနှစ်မှာ နိုင်ငံတကာရေကြောင်းအလုပ်သမားဆိုင်ရာသဘောတူညီချက် MLC 2006 Maritime Labour Convention ကို ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှလည်း သဘောတူပြီး ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။ ILO (International Labour Organization) ရဲ့ အဖွဲ့အစည်းမှာ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား စတဲ့ ကိုယ်စားလှယ်သုံးစု (Tripatite)ပေါင်းစပ်ကာ ၁၉၄၆ ခုနှစ်၊ ကုလသမဂ္ဂသို့ စတင်ဝင်ရောက်စဉ်ကပင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ပါတယ်။ ယင်းအဖွဲ့ခွဲဖြစ်တဲ့ IMO နိုင်ငံတကာရေကြောင်းအဖွဲ့အစည်းမှထုတ်ပြန်တဲ့ MLC 2006 အရ မြန်မာနိုင်ငံ သင်္ဘောသားအလုပ်သမားများသည်လည်း အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များအဖြစ် ဖွဲ့စည်းရပါတယ်။ ထို့ပြင် ပြည်တွင်းမှ အလုပ်သမားအဖွဲ့အစည်း ဥပဒေများမှာလည်း ထည့်သွင်းပြဋ္ဌာန်းပေးရန် လိုအပ်လာပါတယ်။ ထို့ကြောင့် အောက်ပါအတိုင်း ခြွင်းချက်အဖြစ် နည်းဥပဒေမှာ ယေဘုယျသဘော ထည့်သွင်းရေးဆွဲခဲ့ပါတယ်။

“ခြွင်းချက်” လုပ်ငန်းကဏ္ဍ၏ သဘာဝအရ၊ လုပ်ငန်းဌာန(သို့မဟုတ်)ပထဝီနယ်မြေကို အခြေခံ၍ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်း၍မရသည့် ပင်လယ်ရေကြောင်းလုပ်ငန်းကဏ္ဍတွင် အလုပ်သမားများသည် အလုပ်သမားအဖွဲ့ချုပ်ကို တိုက်ရိုက်ဖွဲ့စည်းနိုင်သည်လို့ ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ အထက်ပါစာသားရဲ့ အနက်အဓိပ္ပာယ်အရ သင်္ဘောသားများအတွက် ကန့်သတ်မှုမရှိတဲ့ တိုက်ရိုက်ဖွဲ့စည်းတဲ့ အဖွဲ့ချုပ်(၄)ခု ဖြစ်ပေါ်လာပါတယ်။ (၁) Myanmar Seamen’s Federation (MSF) (၂) Independent Federation of Myanmar Seafarers(IFOMS) (၃) Myanmar Maritime Worker Federation (MMWF)နဲ့ (၄) Myanmar Seamen’s Union Federation (MSUF)တို့ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် အောက်ပါပြဿနာများဖြစ်လာပြီး အချင်းချင်းမညီညွတ်ပဲ အကျိုးစီးပွားပဋိပက္ခတွေ ဖြစ်ပေါ်လာလေ့ရှိပါတယ်။ ဥပမာပြရမယ်ဆိုရင် (၁) နိုင်ငံတကာအဖွဲ့အစည်းတွေ (၂) အစိုးရအဖွဲ့အစည်းများ အထူးသဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ (၃) ပြည်တွင်း/ပြည်ပမှ သင်္ဘောသားဆိုင်ရာ အလုပ်ရှင်များ ယင်းတို့၏ကိုယ်စားလှယ်များနဲ့ ကိုယ်စားပြုတွေ့ဆုံရတဲ့အခါမျိုး အလုပ်ကိစ္စနဲ့ တာဝန်ယူရခြင်းစတဲ့အခါများမှာ လေးဖွဲ့ကွဲနေတဲ့အတွက် ညှိနှိုင်းမရဘဲ လုပ်ငန်းနှောင့်နှေးကြန့်ကြာလေ့ရှိပါတယ်။


လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာလုပ်ထုံးလုပ်နည်းအရ ပြောရမယ်ဆိုရင် ပထမဆုံး အလုပ်သမားသမဂ္ဂ Union ကို ဖွဲ့စည်းရပါတယ်။ ၎င်းနောက်မှ ယင်းသမဂ္ဂများကို အခြေခံလျက် ထပ်မံပြီး အလုပ်သမားအဖွဲ့ချုပ် Federation ကို မဲဆန္ဒပေးပြီး ရွေးချယ်ရခြင်းဖြစ်တဲ့အတွက် မိမိတို့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစံနှုန်းနဲ့လည်း ထပ်တူကျပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ နည်းဥပဒေအား အောက်ပါအတိုင်း ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ "ခြွင်းချက်" လုပ်ငန်းကဏ္ဍ၏ သဘောသဘာဝအရ၊ လုပ်ငန်းဌာန သို့မဟုတ် ပထဝီနယ်မြေကို အခြေခံ၍ ဤနည်းဥပဒေ၏ အခန်း(၂)၊ အပိုဒ်(၄)တွင် ဖော်ပြထားသည့် အခြေခံအလုပ်သမားအဖွဲ့အစည်းများ စုစည်း၍ ပင်လယ်ရေကြောင်းကဏ္ဍအတွက် အလုပ်သမားအဖွဲ့ချုပ်အား ဖွဲ့စည်းရမည်ဟု ပြင်ဆင်လိုပါကြောင်း သဘော်သားပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

၂၀၁၂ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများ၊ အခန်း(၂)၊ အပိုဒ် (၄)ခြွင်းချက်။ မူလဥပဒေပြပုံ (ရ)

- "ခြွင်းချက်။ ။ လုပ်ငန်းကဏ္ဍ၏ သဘာဝအရ လုပ်ငန်းဌာန(သို့မဟုတ်) ပထဝီ နယ်မြေကို အခြေခံ၍ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်း၍ မရသည့် ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍတွင် အလုပ်သမားများသည် အလုပ်သမားအဖွဲ့ချုပ်ကို တိုက်ရိုက်ဖွဲ့စည်းနိုင်သည်။"

နိုင်ငံတကာ၏ ဖွဲ့စည်းပုံ ပြပုံ (ရ-၁)




ဤအတိုင်း ပြင်ဆင်လိုခြင်းအား ပြပုံ (ရ-၂)

- "ခြွင်းချက်။ ။ လုပ်ငန်းကဏ္ဍ၏ သဘောသဘာဝအရ လုပ်ငန်းဌာန (သို့မဟုတ်) ပထဝီနယ်မြေကို အခြေခံ၍ ဤနည်းဥပဒေ၏ အခန်း(၂)၊ အပိုဒ်(၄) တွင် ဖော်ပြထားသည့် အခြေခံအလုပ်သမား အဖွဲ့အစည်းများ စုစည်း၍ ပင်လယ်ရေကြောင်းကဏ္ဍအတွက် အလုပ်သမားအဖွဲ့ချုပ်အား ဖွဲ့စည်းရမည်။" ဟု ပြင်ဆင်လိုပါသည်။

**အချိန်၊ ၁၀:၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၉။**

**ဦးမြင့်ကြိုင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်သည့် မြန်မာနိုင်ငံရဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)ခုနှစ်အရ ကလေးအလုပ်သမားများရဲ့ အခွင့်အရေး ကာကွယ်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက မည်သည့်အစီအမံယန္တရားများအား မည်သို့ထားရှိဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကလေးအလုပ်သမားများရဲ့ အခွင့်အရေးများနဲ့ လုံခြုံမှုများကို ကာကွယ်စောင့်ရှောက်ပေးနိုင်မှုနဲ့ ပတ်သက်ပြီးတော့ ၂၀၁၈ ခုနှစ် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအရ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ အသက်(၅)နှစ်မှ (၁၇)နှစ်အတွင်း ကလေးဦးရေဟာ (၁၂.၄)သန်းရှိပါတယ်။ ဒီထဲမှာအလုပ်မလုပ်တဲ့ ကလေးဦးရေဟာ (၁၁.၉)သန်းဖြစ်ပါတယ်။ ကလေးလုပ်သားမဟုတ်တဲ့ အလုပ်လုပ်တဲ့ ကလေးဦးရေကတော့ (၀.၁)သန်းဖြစ်ပါတယ်။ အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်မှာရှိနေတဲ့ ကလေးလုပ်သားဦးရေကတော့ (၀.၄)သန်းဖြစ်ပါတယ်။ အခြားကလေးလုပ်သားဦးရေကတော့ (၀.၀၅)သန်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်မှာ ကောက်ယူခဲ့တဲ့ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအရ တင်ပြခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ဆိုင်များနဲ့ အလုပ်ဌာနများဥပဒေတို့အရ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နဲ့ အလုပ်ဌာနများမှာ သက်ဆိုင်ရာ မှတ်ပုံတင်ဆရာဝန်ရဲ့ အလုပ်လုပ်ရန် သင့်လျော်ကြောင်း ထောက်ခံချက်လက်မှတ် ရယူပြီးတော့ လုပ်ကိုင်လျက်ရှိတဲ့ အသက်(၁၄)နှစ်ပြည့်ပြီး အသက်(၁၈)နှစ်မပြည့်သေးတဲ့ ကလေးအလုပ်သမားဦးရေ စုစုပေါင်းမှာ (၁၃၀၀၀)ကျော်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ကလေးအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်နိုင်ရေးအတွက် ဒုတိယသမ္မတ(၁) ဦးဆောင်တဲ့ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး

ဆိုင်ရာ အမျိုးသားကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၇၉/၂၀၁၇) အရ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

အမျိုးသားကော်မတီဟာ အဆိုးရွားဆုံးပုံစံနဲ့ ခိုင်းစေခြင်းခံရတဲ့ ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီအပါအဝင် လုပ်ငန်းကော်မတီ(၈)ခု ဖွဲ့စည်းပြီးတော့ ရည်မှန်းချက်(၆)ရပ် ချမှတ်ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေအမှတ် (၂၂/၂၀၁၉)နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရတဲ့ ကလေးအလုပ်သမားများနဲ့ ပတ်သက်ပြီးတော့ ILO Convention No–182 ကို ၁၈–၁၂–၂၀၁၃ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီးတော့ ILO Convention No–182 နှင့်အညီ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနဲ့ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေတို့ကို ပြင်ဆင်ရေးဆွဲနိုင်ခဲ့ပြီးတော့ ကလေးအလုပ်သမား အလုပ်လုပ်နိုင်တဲ့ အနိမ့်ဆုံးအသက်ကို ၁၄ နှစ်လို့ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ပြင် Minimum Age ကို ကန့်သတ်ထားတဲ့ ILO Convention No–138 ကို လက်ခံကျင့်သုံးနိုင်ရေးအတွက် သဘောတူအတည်ပြုလက်မှတ် ရေးထိုးခြင်းကို ၆–၃–၂၀၂၀ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ILO ထံ ပေးပို့ပြီး ဖြစ်ပါတယ်။

ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဟာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပါဝင်တဲ့ လုပ်ငန်းကော်မတီ (၈)ခုအပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း လုပ်ငန်းကော်မတီများဖွဲ့စည်းပြီးတော့ ကလေးအလုပ်သမားများရဲ့ အခွင့်အရေးများနှင့် လုံခြုံမှုများကို ကာကွယ်စောက်ရှောက်ပေးနိုင်ရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နယ်မြေတာဝန်ခံ အလုပ်သမားစစ်ဆေးရေးအရာရှိများမှလည်း စည်းကြပ်နယ်မြေအတွင်းမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့် အလုပ်ဌာနများကို ဥပဒေနဲ့အညီ ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ကလေးအလုပ်သမားများရဲ့ အခွင့်အရေးများ ချိုးဖောက်ခံရပါက တိုင်ကြားတရားစွဲဆိုနိုင်သည့် ယန္တရားများနှင့် စပ်လျဉ်းပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနဲ့ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေနဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေတို့အရ ကလေးသူငယ်များအပေါ်မှာ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ ဆိုးရွားသောပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

စတဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံရမှုများ၊ လူကုန်ကူးခံရမှုများနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်းနဲ့ တိုင်ကြားမှုအပေါ်မှာ အဆိုပါ ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဥပဒေများအရ တရားစွဲဆိုဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားလိုပါတယ်။

ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန်နဲ့ လူကုန်ကူးခြင်းမခံရစေဖို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် ၁-၁-၂၀၁၉ ရက်နေ့မှ ၂၉-၂-၂၀၂၀ ရက်နေ့အထိ အသိပညာပေးဆွေးနွေးပွဲ (၇၃)ကြိမ် ပြုလုပ်ခဲ့ပြီးတော့ လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနတို့မှ လွှဲပြောင်းလက်ခံခဲ့တဲ့ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရတဲ့ ကလေးသူငယ်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ပို့အပ်လာတဲ့ လူကုန်ကူးခံရတဲ့ ကလေးသူငယ်များကို ယာယီလက်ခံစောင့်ရှောက်နိုင်ရေးအတွက် မူဆယ်မြို့၊ မြဝတီမြို့နဲ့ ကော့သောင်းမြို့များမှာ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကာကွယ်စောင့်ရှောက်ရန်လိုအပ်တဲ့ ကလေးသူငယ်များရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တတို့အပါအဝင် ကလေးသူငယ်တွေရဲ့ အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ လူငယ်သင်တန်းကျောင်း (၁၀)ကျောင်းကို ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ၂၀၀၅ ပြဋ္ဌာန်းချက်များအရ လူကုန်ကူးခံရသူတို့ စိစစ်သတ်မှတ်ပြီးတဲ့ ကလေးသူငယ်များအတွက် တစ်ဦးကို ငွေကျပ်(၁၀)သိန်းနှုန်းနှင့် ညီမျှတဲ့ ပြန်လည်ထူထောင်ရေး အထောက်အပံ့များကို နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ထောက်ပံ့ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနဲ့ ပြန်လည်နေရာချထားရေးခေါင်းစဉ်နဲ့ လမ်းပေါ်နေကလေးစီမံချက်ပါ လုပ်ငန်းစဉ်များမှ ကလေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ကလေးတစ်ဦးကို ငွေကျပ်(၁)သိန်းနှုန်းနဲ့ ကလေး(၁၀၀)ဦးအတွက် ငွေကျပ်(၁၀)သန်း ဘတ်ဂျက် ရရှိထားပြီးဖြစ်ပါတယ်။ ဘတ်ဂျက်ရရှိငွေနဲ့

ထောက်ပံ့ပေးနိုင်ဖို့ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက် လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကလေးအလုပ်သမားများရဲ့အခွင့်ရေး ကာကွယ်ရေးနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့ အသိပညာပေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိပြီး ကလေးအလုပ်သမားများရဲ့ အခွင့်အရေးချိုးဖောက်ခံရခြင်းများရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ အမျိုးသားကော်မတီရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အညီ ကာလတို၊ ကာလရှည် စီမံကိန်းများချမှတ်ကာ မြန်မာနိုင်ငံ ကလေး အလုပ်သမားပပျောက်နိုင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ နောက်တစ်ခု ဖြေဖို့ရှိတယ်။ နောက်တစ်ခု ဖြေဖို့ရှိသေးတယ်။

**ဦးမြင့်ကြိုင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)။** ။ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မြန်မာ့သဘော်သားများ၏ အကျိုး စီးပွားကို ထိရောက်စွာကာကွယ်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်စေရန်အတွက် အလုပ်သမားဝန်ကြီးဌာနမှ ၂၉-၂-၂၀၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)ဖြင့် ထုတ်ပြန်ထားသော “အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေများ” (၂၀၁၂)။ အခန်း(၂)၊ အလုပ်သမား အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ အပိုဒ်(၄)၊ အပိုဒ်ခွဲ(စ)(၃)ပါ ခြွင်းချက်စာသားကို ပြင်ဆင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပြင်ဆင်မည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ပြင်ဆင်မည်ကို သိရှိ လိုခြင်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ ပုဒ်မ ၄ အရ အလုပ်သမားအဖွဲ့အစည်းများကို အခြေခံအလုပ်သမားအဖွဲ့အစည်း၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့ချုပ်နဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ဆိုပြီးတော့ အဆင့်ဆင့်ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဝန်ကြီးဌာန အမိန့် ကြော်ငြာစာအမှတ် (၁/၂၀၁၂) ထုတ်ပြန်ခဲ့တဲ့ အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများ၊ နည်းဥပဒေ ၄(စ)မှာတော့ အလုပ်သမားအဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရာမှာ အခြေခံအလုပ်သမားအဖွဲ့ အစည်းမရှိဘဲ မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းခြင်းမပြုရ။ မြို့နယ်အလုပ်သမားအဖွဲ့ အစည်းမရှိဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းခြင်း မပြုရ။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းမရှိဘဲ အလုပ်သမားအဖွဲ့ချုပ်ကို ဖွဲ့စည်းခြင်း မပြုရဟု ပြဋ္ဌာန်းထားသော်လည်း လုပ်ငန်းကဏ္ဍ၏ သဘောသဘာဝအရ လုပ်ငန်းဌာန သို့မဟုတ် ပထဝီနယ်မြေကို အခြေခံ၍ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်း၍မရတဲ့ ပင်လယ်ရေကြောင်းလုပ်ငန်းကဏ္ဍမှာ အလုပ်သမားများသည် အလုပ်သမားအဖွဲ့ချုပ်ကို တိုက်ရိုက်ဖွဲ့စည်းနိုင်တယ်လို့ ခြွင်းချက်ပြုထားပါတယ်။ ထိုသို့ ခြွင်းချက်ပြုထားရခြင်းမှာ ပင်လယ်ရေကြောင်းလုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ၊ ပင်လယ်ကူးသင်္ဘောသားများဟာ လုပ်ငန်းကဏ္ဍ တစ်ခုချင်းအနေဖြင့် သော်လည်းကောင်း၊ ပထဝီနယ်မြေအရသော်လည်းကောင်း အခြေခံမှုစ၍ အဆင့်ဆင့်ဖွဲ့စည်းရန် ခက်ခဲတဲ့အတွက်ကြောင့် အလုပ်သမားအဖွဲ့ချုပ်အဆင့် တိုက်ရိုက်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့တဲ့ ဥပဒေများ၊ နည်းဥပဒေများအနက် ခေတ်ကာလနဲ့ လျော်ညီမှုမရှိတော့တဲ့ ဥပဒေများ၊ နည်းဥပဒေများကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ အလုပ်သမားရေးရာ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ရေးဆွဲခြင်းများကို ဆောင်ရွက်ရာမှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ သဘောထားတစ်ခုတည်းနဲ့ ပြင်ဆင်ရေးဆွဲခြင်းမပြုဘဲနဲ့ ၂၀၁၆ ခုနှစ်မှ စတင်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်တဲ့ အမျိုးသားအဆင့် သုံးပွင့်ဆိုင်အဖွဲ့ (National Tripartite Body –NTB) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ အမျိုးသားအဆင့် သုံးပွင့်ဆိုင်အဖွဲ့အောက်မှာ Decent Work Country Programme–Technical Working Group အဖွဲ့၊ Labour Law Reform –Technical Working Group အဖွဲ့နှင့် Communication Strategy Development –Technical Working Group ဆိုပြီးတော့ နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (၃)ဖွဲ့နဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အားသာချက်၊ အားနည်းချက်များ တွေ့ရှိလာရတဲ့အတွက် ဥပဒေပြင်ဆင်ရေးကို ပညာရှင်များနဲ့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်တဲ့ ဌာနတွင်းဆွေးနွေးမှု (၁၅)ကြိမ်၊ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးမှု (National Dialogue Tripartite Forum–NDTF) က (၅)ကြိမ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိတဲ့ အလုပ်သမားရေးရာ ဥပဒေ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့(TWG–LLR) တွင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လျက် (၇)ကြိမ်အထိ အကြိမ်ကြိမ် ဆွေးနွေးခဲ့ပြီး အလုပ်သမားအဖွဲ့ချုပ်များနဲ့ အလုပ်ရှင်ကိုယ်စားလှယ်များက ပေးပို့လာတဲ့ သဘောထားမှတ်ချက်

များအပေါ်မှာ ဝန်ကြီးဌာနမှ ပြန်လည်ရေးဆွဲတဲ့ ဥပဒေမူကြမ်းကို အလုပ်သမားအဖွဲ့ချုပ်များ၊ အလုပ်ရှင်အဖွဲ့ချုပ်များနဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တို့သို့ ဖြန့်ဝေပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လထဲမှာ ကျင်းပမယ့် အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့မှာ ထပ်မံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်အုန်း မေးမြန်းခဲ့တဲ့ **အလုပ်သမား** အဖွဲ့အစည်း နည်းဥပဒေများ ပုဒ်မ ၄၊ အပိုဒ်ခွဲ (စ)(၃)ပါ ခြွင်းချက်စာသားကို ပြင်ဆင်ရန်နဲ့ ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားတဲ့ Myanmar MaritimeTripartite Committee မှာ သင်္ဘောသားများ ကိုယ်စားပြုသည့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအလုပ်သမားအဖွဲ့ချုပ်၊ မြန်မာ့ပင်လယ်ရေကြောင်း အလုပ်သမားများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပင်လယ်ပျော်သမဂ္ဂများအဖွဲ့ချုပ်၊ လွတ်လပ်သောမြန်မာနိုင်ငံ ပင်လယ်ပျော်များ အလုပ်သမားအဖွဲ့ချုပ်နဲ့ အလုပ်ရှင်ကိုယ်စားပြုတဲ့ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ တင်ပြဆွေးနွေးပြီး ဆွေးနွေးသဘောတူညီချက်များအရ ပြင်ဆင်လိုတဲ့အချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနကို ပေးပို့လာပါက ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရာမှာ ထည့်သွင်းပြင်ဆင် နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အလုပ်သမားရေးရာဥပဒေ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ နဲ့ ဆက်လက်ဆွေးနွေးပေးရေး ညှိနှိုင်း Technical Working Group ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်း မေးလိုတာကတော့ ခုနက ဒုတိယဝန်ကြီး ဖြေကြားတဲ့အထဲမှာ အမျိုးသား ကော်မတီ ဖွဲ့စည်းပြီး အဆင့်ဆင့်မှာ ကလေးအလုပ်သမားများရဲ့ အခွင့်အရေးကို ဆောင်ရွက် နေတယ်လို့ သိရပါတယ်။ ဒါပေမဲ့ အောက်ခြေအထိ ထိရောက်မှု ရှိ/မရှိလည်း ပြန်လည်ပြီးတော့ သုံးသပ်ဖို့ လိုပါတယ်။ ခုနတုန်းက ကျွန်မပြခဲ့တဲ့ပုံမှာတွေ့ရတဲ့ ကလေးအလုပ်သမားတွေရဲ့ Case တွေ ဆိုလို့ရှိရင် ကျွန်မတို့ ကလေးအလုပ်သမားရဲ့ ဥပဒေအတိုင်း မစွဲဆိုနိုင်ဘဲနဲ့ ကလေးသူငယ် ကာကွယ်ရေးနဲ့ပဲ စွဲဆိုရတာမျိုးလည်း ရှိပါတယ်။ ခုနတုန်းက ဖြေသွားတဲ့အထဲမှာလည်း တစ်နိုင်ငံလုံးရဲ့ ကလေးအလုပ်သမားအရေအတွက်ကို သိရသော်ငြားလည်းပဲ ကျွန်မရဲ့ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေ၊ မြို့နယ်တွေရဲ့ ကလေးသူငယ် အလုပ်သမားများရဲ့ အရေအတွက် စာရင်းဇယားကို ရရှိနိုင်ခြင်း ရှိ/မရှိ သိလိုပါတယ်။

**ဦးမြင့်ကြိုင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)။** ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး မှတ်သားထားပြီးတော့ စာဖြင့် ပြန်လည် ဖြေကြားသွားမှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၆)ဦး မေးမြန်းတဲ့ မေးခွန်းများ ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မန္တလေး- လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်းပိုင်း ကီလိုမီတာ(၅၉၂.၂၃)မှ(၅၉၉.၄၈)အထိ (၇.၂၅)ကီလိုမီတာအား လမ်းဘေးကွန်ကရစ်ပေါင်နှစ်ဖက် ဆောင်ရွက်ခြင်း Cement Stabilized Base လွှာခင်းခြင်း၊ AC အပွန်းခံလွှာခင်းခြင်း၊ လမ်းဘေးဝဲယာ အမာခံလမ်းပခုံးနှင့် မြေသားလမ်း ပခုံးဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ပြီး ယာဉ်သွားလမ်းပေါ်တွင် Road Line ဆွဲခြင်း၊ လိုအပ်သော နေရာများတွင် ဝဲယာလမ်းဘေး ရေမြောင်းတူးခြင်းနှင့် ၎င်းလမ်းမတစ်လျှောက်တွင် All RC Box Culvert (၉)စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့အား မဖြစ်မနေဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိ လိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ဖြစ်ပါတယ်။ Power Pointအသုံးပြုခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ယခု မေးမြန်းမယ့် လမ်းပိုင်းမှာ မြစ်ကြီးနားကနေ ဗန်းမော်ခရိုင်ကို လာရာမှာ မိုးမောက်မြို့နယ်အတွင်း မိုင်(၄၀)ကျော် AC လမ်းခင်းထားပြီးဖြစ်လို့ တစ်ဆက်တစ်စပ် တည်းဖြစ်သွားအောင် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ရှိ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း ကီလိုမီတာ(၅၉၂.၂၃) မှ (၅၉၉.၄၈) အထိ (၇.၂၅)ကီလိုမီတာအား လမ်းဘေး(၁:၃:၆) ကွန်ကရစ်ပေါင် (၀.၃)မီတာအကျယ် (၀.၇၃၇၅)မီတာအမြင့်ဖြင့် နှစ်ဖက်

ဆောင်ရွက်ခြင်း၊ (၇.၃၁)မီတာအကျယ် Cement Stabilized Base အလွှာ (၂၀၀)မီလီမီတာ Cpt ထု ခင်းခြင်း၊ AC (၅၀) မီလီမီတာ Cpt ထု အခြေခံလွှာခင်းခြင်းနှင့် Cpt AC (၃၇.၅) မီလီမီတာ Cpt ထု အပွန်းခံလွှာခင်းရန်၊ လမ်းဘေးဝဲယာတစ်ဖက် (၁)မီတာအကျယ် (၂၂၅) မီလီမီတာ Cpt ထု အမာခံလမ်းပခုံးနှင့် (၂.၂၅)မီတာ အကျယ်(၂၂၅)မီလီမီတာ Cpt မြေသားလမ်းပခုံးဆောင်ရွက်ခြင်းတို့အပြင် လုပ်ငန်းဆောင်ရွက်ပြီး ယာဉ်သွားလမ်းပေါ်တွင် Thermoplastic ဆေးဖြင့် Road Line ရေးဆွဲခြင်း၊ လိုအပ်သောနေရာများတွင် ဝဲယာလမ်းဘေး ရေမြောင်းတူးခြင်းလုပ်ငန်းတို့ကိုလည်းကောင်း၊ ၎င်းလမ်းပိုင်းတွင် ဖော်ပြပါအတိုင်း ကီလိုမီတာ (၅၉၃.၀၀-၅၉၃.၅၀)အတွင်း (၁)စင်း၊ ကီလိုမီတာ (၅၉၄.၀၀-၅၉၄.၅၀)အတွင်း (၁)စင်း၊ ကီလိုမီတာ (၅၉၅.၀၀-၅၉၅.၅၀)အတွင်း (၁)စင်း၊ ကီလိုမီတာ (၅၉၆.၀၀-၅၉၆.၅၀)အတွင်း (၁)စင်း၊ ကီလိုမီတာ (၅၉၇.၀၀-၅၉၈.၀၀)အတွင်း (၂)စင်း၊ ကီလိုမီတာ (၅၉၈.၀၀-၅၉၈.၅၀)အတွင်း (၁)စင်း၊ ကီလိုမီတာ (၅၉၈.၅၀-၅၉၉.၀၀)အတွင်း (၁)စင်း၊ ကီလိုမီတာ (၅၉၉.၀၀-၅၉၉.၅၀)အတွင်း (၁)စင်း၊ စုစုပေါင်း Box Culvert (၉)စင်းတို့အား (၁.၅၂ မီတာ x ၁.၅၂ မီတာ x ၁၂.၁၉ မီတာ) All RC Box Culvert တည်ဆောက်ခြင်းတို့ကိုလည်းကောင်း၊ Power Point မှာ ကွန်ပျူတာ ရိုက်တာ မှားနေပါတယ်။ (၁.၅၂) မဟုတ်ပါဘူး။ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်း ကီလိုမီတာ (၅၉၅.၀၀)မှ (၅၉၉.၅၀)ထိ (၄.၅)ကီလိုမီတာ အရှည်ရှိ လမ်းမကြီး အရှေ့ဘက်ခြမ်းအား လူသွားလမ်း Platform အကျယ် (၅)ပေကိုလည်းကောင်း နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် မဖြစ်မနေ ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ဒေသခံများကိုယ်စား အထက်ပါမေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကချင်ပြည်နယ်မှ လမ်းမကြီး ပြပုံ (လ)



ကချင်ပြည်နယ်မှ လမ်းမကြီး ပြပုံ (လ-၁)

လုပ်ငန်းဆောင်ရွက်ပြီး ယာဉ်သွားလမ်းပေါ်တွင် Thermo - plastic ဆေးဖြင့် Road Line ဆွဲခြင်း၊ လိုအပ်သော နေရာများတွင် ဝဲ/ယာ လမ်းဘေး ရေမြောင်းတူးခြင်း လုပ်ငန်းကိုလည်းကောင်း၊ ၎င်းလမ်း -

| | |
|---|---|
| Km (593.00 – 593.50) အတွင်း | (၁) စင်း |
| Km (594.00 – 594.50) အတွင်း | (၁) စင်း |
| Km (595.00 – 595.50) အတွင်း | (၁) စင်း |
| Km (596.00 – 596.50) အတွင်း | (၁) စင်း |
| Km (597.00 – 598.00) အတွင်း | (၂) စင်း |
| Km (598.00 – 598.50) အတွင်း | (၁) စင်း |
| Km (598.50 – 599.00) အတွင်း | (၁) စင်း |
| Km (599.00 – 599.50) အတွင်း | (၁) စင်း |
| စုစုပေါင်း | (၉) စင်း |





ကချင်ပြည်နယ်မှ လမ်းမကြီး ပြပုံ (လ-၂)

(1052 m x 12.19m) All RC Box Culvert တည်ဆောက်ခြင်း တို့ကိုလည်းကောင်း၊ မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနား လမ်းပိုင်း ကီလိုမီတာ (595.00) မှ (599.50) ထိ (4.5) ကီလို မီတာ အရှည်ရှိ လမ်းမကြီးအရှေ့ဘက်ခြမ်းအား လူသွားလမ်း ပလပ်ဖောင်းအကျယ် (5 Ft) လည်းကောင်း နီးစပ်ရာ ဘဏ္ဍာ ရေးနှစ်တွင် မဖြစ်မနေ ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ဒေသခံ ကိုယ်စား အထက်ပါမေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြီးမှတဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။





**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြင်သာတောင် - သပြေကိုင်း - တောင်ဦးတို့ ဆက်သွယ်ထားသော မြို့နယ်ပတ်လမ်းအား သွားလာမှုလွယ်ကူစေရန် လမ်းအဆင့်မြှင့် ပြုပြင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၄၇။**

**ဥက္ကဋ္ဌ။**   ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။**   ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ် ကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်ကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦး ခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှာရှိတဲ့ မြင်သာတောင် - သပြေကိုင်း - တောင်ဦးတို့ ဆက်သွယ်ထားတဲ့ မြို့နယ်ပတ်လမ်းအား ရာသီမရွေး သွားလာမှုလွယ်ကူစေရန် လမ်းအဆင့်မြှင့် ပြုပြင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကျေးလက်လမ်းများ၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးဟူသော မူဝါဒများ ချမှတ်ကာ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံးရဲ့ ရာခိုင်နှုန်းအား(၈၀)ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် နှစ်စဉ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ဟူသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ဖို့လုပ်ငန်းများ၊ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဟု ရေးဆွဲဆောင်ရွက်နေတယ်လို့ သိရှိထားပြီး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်ဟာ ကျေးရွာပေါင်း(၂၉၁၁၇၆) ရွာ လူဦးရေ(၃၃၉)ဦးနဲ့ ဧရိယာအကျယ်အဝန်း စတုရန်းမိုင် ကျယ်ဝန်းတဲ့မြို့နယ် ဖြစ်ပါတယ်။(၉.၁၁၅၇)လူဦးရေရဲ့ (၈၄) ရာခိုင်နှုန်းနီးပါးဟာ ကျေးလက်ဒေသမှာ နေထိုင်ကြပါတယ်။ မြို့ရဲ့အရှေ့မြောက်ဘက် မိုင်ခန့်(၁၀) အကွာမှာ ပုပ္ပါးတောင်တော်ကြီးရှိပြီး ပုပ္ပါးတောင်ရဲ့ ဘေးပတ်ဝန်းကျင်ဟာ တောင်ကုန်းတောင်တန်းများ ချောက်ကမ်းပါး၊ လျှို၊ ချိုင့်ဝှမ်းများနဲ့ ဧရိယာကျယ်ဝန်းသလောက် ဒေသရဲ့ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ တောင်သူလုပ်ကွက် ကျယ်ဝန်းခြင်းမရှိ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးသွားလာရန် ခက်ခဲပါတယ်။

ယခုတင်ပြပါ မြင်သာတောင်-သပြေကိုင်း-တောင်ဦး ဆက်သွယ်ထားသောလမ်းဟာ ပုပ္ပါးတောင်ရဲ့ အရှေ့ဘက်စောင်းမြို့နယ်ပတ်လမ်းဖြစ်ပါတယ်။ ကျောက်ပန်းတောင်း-တောင်သာ-မြင်းခြံလမ်းနဲ့ ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်းမကြီးတို့အကြား တိုက်ရိုက်ဆက်သွယ်ထားသော လမ်းဖြစ်ပါတယ်။ လမ်းအရှည်မှာ မြင်သာတောင်မှ သပြေကိုင်းအထိ (၁၆)မိုင်နီးပါးနဲ့ သပြေကိုင်းမှ တောင်ဦးအထိ (၁၀)မိုင်ကျော် စုစုပေါင်း (၂၆)မိုင်နီးပါး ရှိပါတယ်။ အဲဒီလမ်းမှာ ကတ္တရာလမ်းဟာ (၂)မိုင်နီးပါးရှိပြီး သွားလို့ လာလို့ အဆင်ပြေတဲ့ ကျောက်ကြမ်းလမ်းက (၁၂)မိုင်၊ ကားလေးတောင် သွားလို့မရအောင် ချိုင့်ခွက်တွေ ဖြစ်နေတဲ့ မြေသားလမ်းက(၁၂)မိုင် ဖြစ်ပါတယ်။

အဆိုပါလမ်းကို တိုက်ရိုက် ဖြတ်သန်းသွားလာနေတဲ့ ရွာပေါင်းက(၁၆)ရွာ၊ အိမ်ခြေက (၂၅၂၈)အိမ်နဲ့ လူဦးရေ(၁၅၁၀၄)ဦးတို့ ဖြစ်ပါတယ်။ တောင်သာမြို့နယ်၊ မလှိုင်မြို့နယ်၊ မိတ္ထီလာမြို့နယ်တို့ဖြင့် နယ်စပ်ဒေသကျေးရွာများဖြစ်ပါတယ်။ မြို့နဲ့ အလှမ်းဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး လူမှုစီးပွားဖွံ့ဖြိုးရေး နိမ့်ကျနောက်ကျန်ခဲ့တဲ့ဒေသရွာများဖြစ်ပါတယ်။ တိုက်ရိုက်ဖြတ်သန်းတဲ့ရွာ (၁၆)ရွာ ဆိုပေမယ့်လို့ အဆိုပါလမ်းကို အမှီပြုသွား

လာနေတာကတော့တစ်နယ်လုံး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဖက်ဖက်က နိမ့်ကျနေခဲ့တဲ့ ဒေသတစ်ခုလုံး ပွင့်လန်းတိုးတက်လာအောင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းက မြင်သာတောင်- သပြေကိုင်း- တောင်ဦး ဆက်သွယ်ထားတဲ့ မြို့နယ်ပတ်လမ်းကြီးအား လိုအပ်သလို အပိုင်းအလိုက် လမ်းအဆင့်မြှင့် ပြုပြင်ဖောက်လုပ်ပေးနိုင်ပါရန် ဒေသနေပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာ - သဃ်န်းကြီး - ပြင်စလူ ကတ္တရာလမ်းသည် (၁-၁၁-၂၀၁၉) ရက်နေ့တွင် ရွှေးမြစ်ရေ တိုက်စားမှုကြောင့် မိုင်(၂/၆-၂/၇)ကြား ကမ်းပါးပြိုကျမှုမှစပြီး (၈-၁၁-၂၀၁၉) ရက်နေ့တွင် ထပ်မံပြိုကျခဲ့ရာမှ လမ်းကြောင်းပြတ်တောက်မှု မဖြစ်စေရေးနှင့် လမ်းအူကြောင်းအသစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် ဆည်မြောင်းဦးစီးဌာနအနေနှင့်လည်း ရေငန် မဝင်ရောက်နိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်က လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ ကားလမ်းကိစ္စမှာ ကမ်းပါးပြိုကျမှုတွေကြောင့် ထပ်မံပြီးတော့ ပြိုကျခဲ့တဲ့လမ်းကြောင်း ပြတ်တောက်မှုတွေကို လမ်းအူကြောင်းအသစ် အကောင်အထည်ဖော်ဖို့ကိစ္စနဲ့ ဆည်မြောင်းဦးစီးဌာနအနေနဲ့လည်းပဲ ရေငန် မဝင်ရောက်နိုင်ဖို့အတွက် ဘယ်လိုဆောင်ရွက်မလဲ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

မေးမြန်းရမယ့် အကြောင်းကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာ - သဃ်န်းကြီး - ပြင်စလူ အားလုံးဖာလုံ(၂)မိုင်(၃၅)မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ယူ ထိန်းသိမ်းထားတဲ့ကားလမ်း ဖြစ်ပါတယ်။ အခုဖြစ်တာက မိုင်တိုင်အထိ (၀/၃)ကနေ မိုင်တိုင်(၀/၁)က ရွှေးမြစ်ကမ်းနဲ့ ကပ်နေပါတယ်။ ရွှေးမြစ်ရေတိုက်စားလို့ လမ်းတာပေါင် ပြိုကျမှုကြောင့် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ လမ်းဦးစီးဌာနက ထိန်းသိမ်းနေရတယ်။ ဒီကိစ္စမှာ ရွှေးမြစ်ရေ တိုက်စားမှုကြောင့် နှစ်စဉ် ကမ်းပါးပြိုကျမှုဟာ အမြဲလိုလို ဖြစ်နေတယ်။ ယခုနှစ်မှာလည်း မိုင်-၆/၂)/၂၇ကြား ရေတိုက်စား(မှုကြောင့် ကမ်းပါးတွေ ပြိုတယ်။ ဒါကြောင့်မို့လို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ

ထဲမှာ ကတ္တရာလမ်း နှုတ်ခမ်းပဲ့ကျခဲ့သောကြောင့် ထပ်မံတိုးချဲ့ပြီးလုပ်ပေမယ့် ဆက်လက်ပြီး ပြိုကျနေတယ်။ ဒီလို ပြိုကျနေသဖြင့် တာပေါင် အကာအကွယ်တွေကို အားပြုနေတဲ့ ကျေးရွာတွေက ကျေးရွာအုပ်စု ရွာ လမ်းကြောင်းတွေပြတ်ပြီး လမ်းရဲ့ညာဘက် လယ်ယာမြေ(၄၁)အုပ်စု ရွာပေါင်း(၈) ကေကျော်ကလည်း(၈၀၀၀) မိုးစပါး ရေငန်တွေ ဝင်ရောက်ပျက်စီးတဲ့အခြေအနေ ရှိနေပါတယ်။ ဒါကြောင့် ယခုကိစ္စမှာ လမ်းကြောင်းအသစ် ဖော်ထုတ်ဖို့အတွက်ကို ၂၀၁၉ ခုနှစ် ကုန်ပိုင်းမှာပဲ Surveyတွေကို လမ်းဦးစီးဌာနကနေပြီး လုပ်ခဲ့ပါတယ်။ ပထမဦးစားပေးအနေနဲ့ (၁၀)မိုင်ကနေစ ရှောင်ကွင်းပြီးလုပ်ခဲ့တဲ့အခါမှာ ပထမဦးစားပေး မိုင်တိုင် (၁)ကနေပြီးတော့ ရှောင်ကွင်းလွှတ်တဲ့ အခါမှာ Surveyအဖွဲ့က ခုကနေ သတ်မှတ်ပြီးတော့(၁၀) Point အဆုံးမိုင်မိုင်အထိ(၃၆) ကို ကီလိုမီတာခန(၄)့်ရှိတဲ့ လမ်းကြောင်းအပေါ်မှာ ချောင်းမတံတားဘက်ကို တည်ဆောက်ဖို့ လိုမလို/၊ ဒုတိယဦးစားပေးအနေနဲ့ Survey Point(၁၀)ခု သတ်မှတ်ထားပါတယ်။ ဒါကလည်းပဲ ကြာနီကန် ချောင်း(၁)ချောင်းကို ရွှေ့လျားတံတား ဆောက်ဖို့ရှိပါတယ်။ ထိုကိစ္စတွေမှာ ယခုဖြစ်သွားတာက လျာထားပြီးကာမှ ကြာကန်ချောင်းခွဲကို ဖြတ်တဲ့အခါမှာ လမ်းအူကြောင်းကို ဆည်မြောင်းဦးစီးဌာန က လုပ်ပေးတယ်။ လုပ်ပေးတော့ လယ်သမားတွေကို လျော်ကြေးပေးဖို့က ပထမလွှတ်တော် ကိုယ်စားလှယ်နဲ့ ညှိနှိုင်းထားတာ လယ်သမား(၂၆)ဦးကို တစ်ဧကကို ကျပ်(၁၀)သိန်းစီဖြင့် နောက် ဆည်မြောင်းဦးစီးဌာနက ကျပ်(၁၅)သိန်း ပေးလိုက်တဲ့ အခါကျတော့ ပြန်ညှိဖို့ အခက်အခဲတွေ ဖြစ်လာပါတယ်။ ဒါကို ဆည်မြောင်းဦးစီးဌာနကနေ ပုံစံ(၁၂) ထုတ်ပေးမှ လျော်ကြေးတွေ တွက်လို့ ရမယ့်ကိစ္စတွေ ပေါ်လာတယ်။

ဒါကြောင့်မို့လို့ ယခုကိစ္စမှာ ကျွန်တော်တို့အနေနဲ့ ပြောလိုတာက ဒီကိစ္စတွေမှာ လာမယ့် ဘတ်ဂျက်ကို ဘယ်တော့လောက်မှာ ချပေးနိုင်မလဲ လမ်းကြောင်းပြတ်တောက်မှု မဖြစ်ရေးအတွက် လမ်းဦးစီးဌာနနဲ့ လမ်းအူကြောင်းအသစ် ဖော်တဲ့နေရာတွေမှာ ဆည်မြောင်းဦးစီးဌာနနဲ့ ရေငန် မဝင် နိုင်အောင် ဆည်မြောင်းဦးစီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာန ပေါင်းစပ်ပြီး ရေငန် မဝင်ရန် ဘယ်လို ဆောင်ရွက်နိုင်မလဲဆိုတာ သိရှိလိုသည့်အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများအား ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ -၂၀၂၁ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျေးရွာချင်းဆက် မြေသားလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ဖြစ်ပါတယ်။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျိုးကြောင်း ဖော်ပြချက်အနေနဲ့ ပထမဦးစွာ ပြောပြရမယ်ဆိုရင် ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်ဟာဆိုရင် ပင်လယ်ပြင်မှာရှိတဲ့ ကျေးရွာများကို စုစည်းပြီးတော့ တည်ထောင် ထားတဲ့ မြို့ကြီးဖြစ်ပါတယ်။ ကျွန်းမြို့ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ လမ်းပန်းဆက်သွယ်ရေးက ရေလမ်းခရီးကို အဓိကထားပြီး သွားလာနေရတဲ့ဒေသ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်းတစ်ကျွန်းမှာရှိတဲ့ ကုန်းမြေဆက်စပ်နေတဲ့ ကျွန်းတွေမှာဆိုရင် တစ်ရွာနဲ့ တစ်ရွာ ဆက်စပ်ဖို့ ကျေးရွာချင်းဆက်လမ်းက အင်မတန်မှကို အရေးကြီးပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ ကျေးရွာတိုင်းမှာ ပညာရေးကျောင်းတွေလည်း ရွာတိုင်းမှာမရှိပါဘူး။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ကျေးလက်ဆေးပေးခန်းတွေလည်း ကျေးရွာတိုင်းမှာ မချထားပေးနိုင်ပါဘူး၊ မရှိပါဘူး။ ရေလမ်းခရီးသာ အားထားနေရမယ်ဆိုရင် ဒီရေအတက်အကျပေါ် မူတည်ပြီး သွားလာနေရတာ ဖြစ်တဲ့အတွက် ဒေသရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေက အမြဲတမ်း နှောင့်နှေးကြန့်ကြာ နေမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအစိုးရ ပြည်သူ့အစိုးရ တက်လာပြီးတဲ့နောက်ပိုင်းမှာ လမ်းပန်း ဆက်သွယ်ရေးတွေ ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးနေတာ ဖြစ်တဲ့အတွက် နှစ်တာကာ(၄)လ အတွင်းမှာ ကျွန်တော်တို့မြို့လေးဟာ အင်မတန်မှကို လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်ပြီးတော့ တိုးတက်အောင်မြင်မှုတွေ ဖြစ်ပေါ်လာတာ တွေ့ရှိရပါတယ်။

ဒါပေမယ့်လည်း ဒေသတွင်း လိုအပ်ချက်က အင်မတန်မှ မြင့်မားနေတာ ဖြစ်တဲ့အတွက် နှစ်စဉ် တနင်္သာရီတိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်နဲ့ ကျေးလက်လမ်းဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေ၊ ကုန်ထုတ်လမ်းနဲ့ ပတ်သက်တဲ့ကိစ္စရပ်တွေ လမ်းပန်းဆက်သွယ်ရေးတွေကို အဓိက ဦးစားပေး ဆောင်ရွက်နေသော်လည်းပဲ လိုအပ်ချက်တွေ အများကြီး ကျန်နေတာဖြစ်တဲ့အတွက်

ပြည်ထောင်စုဘတ်ဂျက်ကနေပြီးတော့ ဒီနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းမှာပါတဲ့ ကျေးရွာချင်းဆက်လမ်းလေးများ ချထားပေးမယ်ဆိုရင် ကျွန်တော်တို့ဒေသရဲ့ ဖွံ့ဖြိုးရေးတွေ၊ ပညာရေးတွေ၊ ကျန်းမာရေးတွေ၊ စီးပွားရေးတွေ၊ ကူးလူးဆက်ဆံမှုတွေဟာ အင်မတန်မှ အမြန်ဆုံး တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော် မေးမယ့် မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းမှာရှိတဲ့ ကလန်းအော်ကျေးရွာမှ မော်ရွတ်ကျေးရွာချင်းဆက် (က) တောင်ညိုလေးကျေးရွာချင်းဆက်-ဥယျာဉ်ကြီးကျေးရွာ-ရွာသစ်ကျေးရွာ (ခ) မိုင်၊(၇)မြေသားလမ်း (ဂ) မိုင်၊(၇)မြေသားလမ်းကမာချောင်းကျေးရွာ - ရင်ကန်းအော်ကျေးရွာချင်းဆက် မြေသားလမ်း (င) မိုင်၊(၄)တောင်ပြိုကျေးရွာချင်းဆက် မြေသားလမ်း - ကမာချောင်းကျေးရွာ (ဃ) မိုင်၊(၃) မော်ခေါင်းတုံးကျေးရွာ ဖာလုံအား(၆) မိုင်(၃) ဘိုတောင်ကျေးရွာချင်းဆက် မြေသားလမ်း - ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ပြည်ထောင်စုဘတ်ဂျက်နဲ့ ဖော်ပြပါ ကျေးရွာချင်းဆက်လမ်းများအား ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိမရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် / လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ ပျက်စီးနေသောမူလလမ်းဟောင်း ကျိုက်ပရဲ - ကော့ဘွီးလမ်း (၂)မိုင် (၆)ဖာလုံအား ဂဝံမြေသားလမ်း ခင်းပေးရန်နှင့် ထိုလမ်းပိုင်းပေါ်တွင် ဆောက်လုပ်ရန်ကျန်ရှိသည့် တံတား (၅)စင်းတို့အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၇။**

**ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းက မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ ပျက်စီးနေသော မူလလမ်းဟောင်း ကျိုက်ပရဲ - ကော့ဘွီးလမ်း (၂)မိုင် (၆)ဖာလုံအား ဂဝံမြေသားလမ်း ခင်းပေးရန်နှင့် ထိုလမ်းပိုင်းပေါ်တွင် ဆောက်လုပ်ရန် ကျန်ရှိသည့် တံတား(၅)စင်းတို့အား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်သည် ရပ်ကွက်(၄)ခု၊ ကျေးရွာအုပ်စု (၄၃)အုပ်စု၊ ကျေးရွာပေါင်း(၁၅၈)ရွာဖြင့် ဖွဲ့စည်းထားပြီး အတ္တရံမြစ်ကြောင်းတစ်လျှောက် အရှေ့နဲ့ အနောက် ပိုင်းခြားထားသော မြို့တစ်မြို့ ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် မူလလမ်းဟောင်း ရှိနေပြီး ပျက်စီးနေသော ကျိုက်ပရံ-ကော့ဘွီးလမ်း (၂)မိုင်(၆)ဖာလုံအား ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိ နေပါတယ်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထိုလမ်းပေါ်ရှိ (၂၀)ပေနှင့် (၃၀)ပေတံတား (၂)စင်းတို့အား ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေမှ ငွေကျပ်သန်း(၁၀၀) ခွင့်ပြုပြီး ယခုအခါ ဆောက်လုပ်လျက်ရှိပါတယ်။ ယခုအခါတွင် ထိုလမ်းပိုင်းပေါ်ရှိ (၂)မိုင်အား ဂဝံမြေသားအပြည့် ခင်းရန် လိုအပ်နေပြီး (၆)ဖာလုံလမ်းပိုင်းအား ပြင်ဆင်ထိန်းသိမ်းမှု ပြုလုပ်ပေးရန် လိုအပ်နေပါ၍ ထိုလမ်းပိုင်းတွင် ကျန်ရှိနေတဲ့ (၁၀)ပေတံတား (၂)စင်း၊ (၁၅)ပေတံတား (၁)စင်း၊ ပေ(၃၀)တံတား (၁)စင်းနှင့် ပေ(၄၀) တံတား (၁)စင်း ဆောက်လုပ်ပေးရန် လိုအပ်နေပြီး ထိုလမ်းပေါ်မှာ ထိစပ်နေတဲ့ လယ်ရှင်များနှင့်လည်း သဘောတူညီချက် ရယူပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုလမ်းပိုင်းကို ဆောင်ရွက်ပေးခြင်းအားဖြင့် ကျိုက်မရောမြို့နယ် အတ္တရံမြစ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာများသို့ အချိန်တိုအတွင်း သွားရောက်နိုင်မှာဖြစ်ပြီး ကျိုက်ပရံ ကျေးရွာအုပ်စုတစ်ခုအတွင်းမှ ကျိုက်ပရံနှင့် ကော့ပြည့်ကျေးရွာများသို့ အချိန်မီ သွားရောက်နိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုလမ်းအပိုင်း (၂)မိုင် (၆)ဖာလုံ ပျက်စီးနေခြင်းကြောင့် ကျိုက်ပရံမှ မော်လမြိုင်စက်မှုဇုန်ထိ (၃)မိုင်၊ မော်လမြိုင်စက်မှုဇုန်မှ ခရုံဂူလမ်းဝထိ (၅)မိုင် (၂)ဖာလုံ၊ ခရုံဂူ လမ်းဝမှ ကော့ဘွီးကျေးရွာအုပ်စုရှိ အလုပ်ကုန်းကျေးရွာသို့ (၇)မိုင် (၂)ဖာလုံ၊ အလုပ်ကုန်းကျေးရွာမှ ကော့ဘွီးကျေးရွာသို့ (၂)မိုင် (၁)ဖာလုံ၊ စုစုပေါင်း (၁၇)မိုင် (၅)ဖာလုံ ဝေးသောလမ်းအပိုင်းကိုပတ်ပြီး သွားနေရသဖြင့် ထိုလမ်းပိုင်း (၂)မိုင် (၆)ဖာလုံကို ဆောင်ရွက်ပေးခြင်းဖြင့် အချိန်တိုအတွင်း သွားလာနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုလမ်းပိုင်း ပြီးစီးသွားပါက အကျိုးပြုကျေးရွာများမှာ ကျိုက်ပရံ၊ ကော့ဘွီး၊ ကျုံဝမ်း၊ လွှစင်ကုန်း၊ အံကရဲ၊ ကော့ပန္နော၊ ကွမ်ငန်း၊ မုဆိုးကျွန်း၊ ဖားပျောက်၊ ကြီးအုပ်၊ ကတုံစိ၊ ငပြေမ၊ လမုခို၊ ဖာသိမ်၊ မိကသစ် စသော ကျေးရွာအုပ်စု (၁၆)အုပ်စု၊ ကျေးရွာပေါင်း (၅၄)ရွာ နှင့် လူဦးရေပေါင်း (၅၀၀၀၀)ကျော်ကို အကျိုးပြုမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ပြသခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါ တယ်ခင်ဗျား။ ဒါ ကျိုက်မရောမြို့နယ်ရဲ့ အခြေပြမြေပုံပါ။ ဒါက မူလလမ်းဟောင်း ပျက်စီးနေတဲ့ ပုံတွေပါ။ ပျက်စီးနေတဲ့လမ်းကို ဆင်းပြီးတိုင်းတာနေတဲ့ပုံတွေပါ။ ဒါကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာ ရေးနှစ်မှာ တံတား(၂)စင်း ဆောက်လုပ်နိုင်ဖို့အတွက် ဌာနက လမ်းအူကြောင်း ဖော်ထားတဲ့ပုံပါ။ ဒါက ဒီနှစ်အတွင်းမှာ တံတားတွေ ဆောက်နေတဲ့ပုံတွေပါ။ ဒါကတော့ တံတားတွေ လိုအပ်နေတဲ့

နေရာအပိုင်းတွေဖြစ်ပါတယ်။ လိုအပ်နေတဲ့ နေရာတွေပါခင်ဗျား။ ဒါ ပျက်စီးနေတဲ့ တံတားတွေပါ ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အတွက်ကြောင့် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ ပျက်စီးနေသော မူလလမ်းဟောင်း ကျိုက်ပရံ - ကော့ဘွီးလမ်း (၂)မိုင် (၆)ဖာလုံအား ဂဝံမြေသား လမ်းခင်းပေးရန်နှင့် ထိုလမ်းပိုင်းပေါ်တွင် ဆောက်လုပ်ရန် ကျန်နေသော တံတား(၅)စင်းတို့အား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပျက်စီးနေသော မူလလမ်းဟောင်း မြင်ကွင်းပုံ (၀)



၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်နေသော တံတား မြင်ကွင်းပုံ (၀-၁)



ပျက်စီးနေသော တံတား မြင်ကွင်းပုံ (၀-၂)



**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂)မြို့နယ် ဆက်သွယ်လျက်ရှိသော ကြို့ကုန်းကျေးရွာနှင့် ပန်းတောကျေးရွာ သွင်းကုန်၊ ထုတ်ကုန် မြေသားလမ်း ပြုလုပ်ပေးရန်နှင့် ၎င်းမြေသားလမ်းပေါ်တွင် ဂဝံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်တို့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂)မြို့နယ် ဆက်သွယ်လျက်ရှိတဲ့ ကြို့ကုန်းကျေးရွာနှင့် ပန်းတောကျေးရွာ ဆက်သွယ်ထားတဲ့ သွင်းကုန်၊ ထုတ်ကုန် ကုန်ထုတ်မြေသားလမ်း ဖောက်လုပ်ပေးရန်နှင့် အဲဒီလမ်းကို ဂဝံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ မတော့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာနှင့် မင်းလှမြို့နယ် ရွှေလောင်းကျေးရွာအုပ်စု၊ ပန်းတောကျေးရွာသို့ ဆက်သွယ်ထားတဲ့လမ်းက ပေပေါင်း(၁၁၄၈၀)ပေ၊ အကျယ်

(၁၂)ပေရှိတဲ့ စွတ်လမ်း (ခေါ်) လယ်ကြားလမ်း (ခေါ်) နွားလှည်းလမ်း ရှိပါတယ်။ အဲဒီလမ်း တစ်လျှောက်မှာ ကွင်းအမှတ်အနေနဲ့ ကွင်းအမှတ် ၄၅၊ ၄၆၊ ၄၇၊ ၉၆၃၊ ၉၆၅ နှင့် ၉၆၆ တို့ရှိပြီးတော့ ကေပေါင်း (၃၀၀၀)ခန့်ရှိရာ တောင်သူလယ်သမားပေါင်း (၃၅၀)ခန့် စိုက်ပျိုးလုပ်ကိုင် အသက်မွေး ဝမ်းကျောင်း ပြုလျက်ရှိပါတယ်။ ဒါပေမဲ့ ဒီလမ်းကို သွားတဲ့အခါမှာ အခက်အခဲရှိတဲ့အတွက်ကြောင့် မိုးဦးကျ အခါမှာလည်း တောင်သူလယ်သမားတွေ စိုက်ပျိုးချိန် နောက်ကျတာရယ်၊ ရိတ်သိမ်း ခြွေလှေ့ချိန်မှာလည်း စက်ယန္တရားကြီးတွေ သွားလာရခက်ခဲလျက်ရှိတဲ့အတွက်ကြောင့် သီးနှံ ထွက်ကုန်ဖြစ်တဲ့ စပါးတွေဟာ ဈေးကောင်းမရတာတွေ၊ ဈေးနှိမ်ခံရတာတွေ ရှိတာကြောင့် လွန်စွာမှ နစ်နာဆုံးရှုံး လျက်ရှိပါတယ်။ အဲဒီအတွက် မင်းလှဘက်ကို သွားမယ်ဆိုရင်လည်းပဲ မြစ်မခချောင်း ကြီး ခံနေတာရယ်၊ မိုးညိုဘက်ကို သွားမယ်ဆိုရင်လည်းပဲ ကုန်ထုတ်လမ်း မရှိတဲ့အတွက်ကြောင့် တောင်သူလယ်သမားတွေဟာ ဝင်ငွေတွေ များစွာ နစ်နာလျက်ရှိပါတယ်။ ဒီလမ်းကြီးကို ဖောက်လုပ် ပေးမယ်ဆိုလို့ရှိရင် (၁၁၄၈၀ x ၁၂ x ၅)ပေ မြေသားလမ်းဖို့ပြီးတော့ သိပ်သည်းသွားတဲ့အခါမှာ ဂဝံကျောက်ချောလမ်း ဖောက်လုပ်ပေးဖို့ပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ဒီလမ်းပေါ်မှာရှိတဲ့ (၃၆ x ၂၀)ပေ အကျယ်ရှိတဲ့ ကွန်ကရစ်တံတား တစ်စင်း၊ (၂၀ x ၅)ပေ ရေထွက်ပေါက် (၄)ပေါက်၊ Box Culvert (၄)ခုနဲ့ (၁၈)လက်မအကျယ်၊ ပေ(၂၀)အလျားရှိတဲ့ ကွန်ကရစ်ပိုက်လုံး တစ်ခု ချထား ပေးရန် လိုအပ်ပါတယ်။

အဲဒီလိုလုပ်ပေးခြင်းအားဖြင့် မိုးညိုမြို့နယ်၊ မင်းလှမြို့နယ်မှာရှိတဲ့ ကျေးရွာအုပ်စုပေါင်း (၄)အုပ်စုကနေပြီးတော့ ကျေးရွာပေါင်း (၁၅)ရွာရဲ့ အိမ်ထောင်စုပေါင်း (၂၇၅၃)စု၊ လူဦးရေပေါင်း (၁၀၃၄၃)ဦးတို့ရဲ့ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒ့ါအပြင် မိုးညို မြို့နယ်၊ ထိန်တောကျေးရွာကြီးမှာရှိတဲ့ စည်ပင်သာယာဈေး၊ အ.ထ.က၊ တိုက်နယ်ဆေးရုံတို့ကို မင်းလှမြို့ နယ်နဲ့ လက်ပံတန်းမြို့နယ်အစပ်က လူတွေကလည်း စာသင်ကြားခြင်းနှင့် ရောင်းဝယ်ဖောက် ကားခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလည်း ရရှိမှာဖြစ်ပါတယ်။ အဲဒီအတွက်လည်းပဲ သွားရာလမ်းတစ်လျှောက်မှာရှိတဲ့ တောင်သူလယ်သမားတွေကလည်း လမ်းဖောက်ပေးမယ်ဆိုရင် မြေလှူဖို့ အဆင်သင့်ပဲရှိပြီးတော့ လက်မှတ်တွေ ထိုးတယ်။ လက်ဗွေတွေ နှိပ်တယ်။ စာရင်းဇယား၊ မြေပုံတွေနဲ့အတူ အစည်းအဝေးမှတ်တမ်းတွေနဲ့တကွ ဖော်ပြထားပါတယ်။

ဒါကြောင့် Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ သွားရောက်လေ့လာတဲ့ ပုံတွေ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းချင် တာကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂)မြို့နယ် ဆက်သွယ်ထားတဲ့ ကြို့ကုန်း ကျေးရွာနှင့် ပန်းတောကျေးရွာလမ်းကို သွင်းကုန်၊ ထုတ်ကုန် ကုန်ထုတ်မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးပြီးတော့ ဂဝံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ

ကျေးရွာသူ၊ ကျေးရွာသားများ၊ တောင်သူလယ်သမားများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကြို့ကုန်း(မိုးညို)နှင့် ပန်းတော(မင်းလှ) ကုန်ထုတ်လမ်း ပြပုံ (သ)



ကြို့ကုန်း(မိုးညို)နှင့် ပန်းတော(မင်းလှ) ကုန်ထုတ်လမ်းအား သွားရောက်လေ့လာ ဆွေးနွေးခြင်း မြင်ကွင်းပုံ (သ-၁)



ကြို့ကုန်း(မိုးညို)နှင့် ပန်းတော(မင်းလှ) ကုန်ထုတ်လမ်း မြင်ကွင်းပုံ (သ-၂)



**အချိန်၊ ၁၁:၀၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၀၅။**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း မေးမြန်းထားတဲ့ မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်းပိုင်း ကီလိုမီတာ (၅၉၂.၂၃) မှ (၅၉၉.၄၈) အထိ (၇.၂၅)ကီလိုမီတာအား လမ်းဘေးကွန်ကရစ်ပေါင်နှစ်ဖက် ဆောင်ရွက်ခြင်း၊ Cement Stabilized Base လွှာခင်းခြင်း၊ AC အပွန်းခံလွှာခင်းခြင်း၊ လမ်းဘေးဝဲယာ အမာခံလမ်းပခုံးနှင့် မြေသားလမ်း ပခုံးဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ပြီး ယာဉ်သွားလမ်းပေါ်တွင် Road Line ဆွဲခြင်း၊ လိုအပ်သောနေရာများတွင် ဝဲယာလမ်းဘေး ရေမြောင်းတူးခြင်းနှင့် ၎င်းလမ်းမတစ်လျှောက် All RC Box Culvert (၉)စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့အား မဖြစ်မနေဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်းပိုင်းမှာ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ လမ်းပိုင်း (၇.၂၅)ကီလိုမီတာသည် မိုးမောက်မြို့တွင်းလမ်းပိုင်းဖြစ်ပြီးတော့ အဆိုပါ မြို့တွင်းလမ်းပိုင်းကို အဆင့်မြှင့်တင်ပေးဖို့ မေးမြန်းခြင်းဖြစ်ပါတယ်။ အဆိုပါ (၇.၂၅)ကီလိုမီတာအနက်က (၃)ကီလိုမီတာကိုတော့ လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများ တင်ပြတောင်းခံပြီး အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားပါမယ်။ လမ်းဘေးကွန်ကရစ်ပေါင် နှစ်ဖက်ခင်းခြင်း၊ Cement Stabilized Base လွှာခင်းခြင်း၊ AC အပွန်းခံလွှာခင်းခြင်း၊ လမ်းဘေးဝဲယာအမာခံလမ်းပခုံး၊ မြေသားလမ်းပခုံးနှင့် Road Line ဆွဲခြင်း စသည့် အဆင့်မြှင့်တင်ခြင်း အားလုံးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ (၃)ကီလိုမီတာ ဆောင်ရွက်မှာဖြစ်ပြီး ကျန်တဲ့ (၄.၂၅)ကီလိုမီတာကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းနှစ်တွေမှာ တစ်နှစ်ချင်းတင်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အဲဒီပေါ်မှာရှိနေတဲ့ RC Box Culvert (၉)စင်း တည်ဆောက်ခြင်းလုပ်ငန်း အားလုံးကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တင်ပြပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် မေးမြန်းထားတဲ့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြင်သာတောင် – သပြေကိုင်း – တောင်ဦးတို့ကို ဆက်သွယ်ထားသော မြို့နယ်ပတ်လမ်းအား သွားလာမှုလွယ်ကူစေရန် လမ်းအဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျောက်ပန်းတောင်း–မိတ္ထီလာ ကားလမ်းမကြီးနှင့် ကျောက်ပန်းတောင်း – တောင်သာ ကားလမ်းမကြီးတို့ကို တိုက်ရိုက်ဆက်သွယ်ထားသည့် မြင်သာတောင် – သပြေကိုင်း – တောင်ဦး ကျေးရွာချင်းဆက်လမ်းအရှည် (၂၅)မိုင် (၄)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါ မြင်သာတောင်–သပြေကိုင်း–တောင်ဦးလမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class(A) ဦးစားပေးအဆင့်(၂)မှာ ပါဝင်ပါသဖြင့် အဆင့်မြှင့်တင်ဖို့ ကျန်နေသေးတဲ့ မြေသားလမ်း (၁၁)မိုင် (၇)ဖာလုံ ရှိပါတယ်။ အဆိုပါ (၁၁)မိုင် (၇)ဖာလုံကိုတော့ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများမှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း မေးမြန်းထားတဲ့ ရေဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာ – သဃ်န်းကြီး – ပြင်စလူ ကားလမ်း ရွှေးမြစ်ရေတိုက်စားမှုကြောင့် မိုင်တိုင်(၂/၆–၂/၇)ကြား ကမ်းပါးပြိုကျမှုမှစပြီး ၈–၁၁–၂၀၁၉ ရက်နေ့တွင် ထပ်မံပြိုကျခဲ့ရာမှ လမ်းကြောင်းပြတ်တောက်မှု မဖြစ်စေရေးနှင့် လမ်းအူကြောင်းအသစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆည်မြောင်းဦးစီးဌာနမှ ရေငန် မဝင်ရောက်နိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာ – သဃ်န်းကြီး – ပြင်စလူ ကားလမ်းသည် ဆည်မြောင်းတာပေါ်မှာ ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပြီးတော့ တာအဖြစ်လည်းကောင်း၊ လမ်းအဖြစ်လည်းကောင်း၊ အသုံးပြုလျက်ရှိတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာ မိုင်တိုင် (၂/၆) မှ (၂/၇)ကြား ရွှေးမြစ်ရေတိုက်စားမှုကြောင့် ၈–၁၁–၂၀၁၉ ရက်နေ့နှင့် ၁၀–၁၁–၂၀၁၉ ရက်နေ့တွေမှာ အလျားပေ(၉၀)ခန့် အကျယ်(၄)ပေခန့် ပြိုကျခဲ့ပါတယ်။ အဆိုပါပြိုကျမှုနှင့် ပတ်သက်ပြီး ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှိနှိုင်းပေးမှုအရ (က) လမ်းဦးစီးဌာနမှ လမ်းပန်းဆက်သွယ်

ရေး မပြတ်တောက်စေရေးအတွက် ဆောင်ရွက်ရန်၊ (ခ) မြစ်ကမ်းပါး ကာကွယ်ရေးလုပ်ငန်းအား တိုင်းဒေသကြီး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ရန် (ဂ) ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ စိုက်ပျိုးထားသော မိုးစပါးဧက (၈၀၀၀)ကျော်ကို ရေငန် မဝင်ရောက်စေရေးအတွက် ပန်းတာတည်ဆောက်ရန်တို့ ညှိနှိုင်းပေးခဲ့ပါတယ်။ အဆိုပါ ညှိနှိုင်းပေးချက်နှင့် ပတ်သက်၍ ၂-၁-၂၀၂၀ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ဆုံးဖြတ်ချက်အမှတ် ၂၇ အရ (က) ဦးစားပေးအဖြစ် တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉ - ၂၀၂၀ ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပန်းတာတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ဒုတိယဦးစားပေးအဖြစ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ခရီးစဉ် လမ်းညွှန်ချက်နှင့်အညီ ကျောက်စီမြစ်ကမ်းထိန်းနံရံအား တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားရန်နှင့် လိုအပ်သည့် ရန်ပုံငွေအား တွက်ချက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ Cabinet ဆုံးဖြတ်ချက်၊ ထောက်ခံချက်နှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြ တောင်းခံသွားရန်၊ တတိယ ဦးစားပေးအဆင့်အနေနဲ့ တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ တင်ပြတဲ့ လမ်းအူကြောင်း(၂)ခုအနက်မှ ဒုတိယဦးစားပေးလမ်းအူကြောင်းဖြစ်တဲ့ အရှည် (၃)မိုင် (၄)ဖာလုံရှိတဲ့ လမ်းအသစ် တည်ဆောက်နိုင် ရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြပါတယ်။

တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်(က)ပါ ညွှန်ကြားချက် နှင့်အညီ ကမ်းပြိုကျခဲ့သည့် လမ်းအနောက်ဖက် ကပ်လျက်မှာ အလျား(၁၂၀၀)ပေ၊ ထိပ်ဝအကျယ် (၁၂)ပေ၊ အောက်ခြေ(၄၈)ပေ၊ ပျမ်းမျှအမြင့်(၁၂)ပေဖြင့် ပန်းတာတည်ဆောက်ရန်အတွက် တင်ဒါ ရွေးချယ်ထားပြီးဖြစ်၍ ပြီးခဲ့တဲ့ ၁၅-၂-၂၀၂၀ ရက်နေ့မှစတင်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရဲ့ (၃၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်။

အဆိုပါ ပန်းတာတည်ဆောက်ခြင်းလုပ်ငန်းအတွက် မြေယာလျော်ကြေးကိစ္စများကိုလည်း ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါ၍ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒုတိယပိုင်းဖြစ်တဲ့ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ ဆုံးဖြတ်ချက်(ခ)ပါ ညွှန်ကြားချက်နှင့်အညီ ပြိုကျသွားသောနေရာတွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ အလျား(၁၄၀)ပေ ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ အရေးပေါ်ရန်ပုံငွေ (၁၁၃.၃၃၅)သန်းဖြင့် ၁၁-၃-၂၀၂၀ ရက်နေ့မှာ တင်ဒါခေါ်ယူထားပြီး

တော့ အဆိုပါကုမ္ပဏီဖြင့် လုပ်ငန်းတွေစတင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါ တင်ပြထားတဲ့နေရာမှာ ရှောင်ကွင်းလမ်းဖောက်ဖို့အတွက် လမ်းအူကြောင်း(၂)ခု ရွေးချယ်ထားခဲ့ပြီးတော့ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ လမ်းအူကြောင်း အမှတ်(၂)၊ အရှည် (၃)မိုင် (၄)ဖာလုံကို ရွေးချယ်ထားပြီးဖြစ်ပါတယ်။ အဆိုပါ လမ်းအူကြောင်းပေါ် မှာရှိတဲ့ မြေယာလျော်ကြေးကိစ္စများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် အတည်ပြုချက်များ တောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများအား ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ကျေးရွာချင်းဆက် မြေသားလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ လမ်းပိုင်းက (၅)ပိုင်း ဖြစ်ပါတယ်။ ပထမပိုင်းက ကလန်းအော် - မော်ရွှတ်လမ်းအရှည် (၇)မိုင်၊ ရွာသစ် - ဥယျာဉ်ကြီး - တောင်ညိုလေး လမ်းအရှည်(၇)မိုင် ကမာချောင်း - ရင်ကန်းအော် အရှည် (၃)မိုင်နှင့် ကမာချောင်း - တောင်ပြိုလမ်းအရှည် (၄)မိုင်တို့ဖြစ်ပြီး အဆိုပါလမ်း (၄)လမ်းက လောလောဆယ်မှာတော့ မော်တော်ဆိုင်ကယ်ပဲ သွားလာနိုင်သေးတဲ့ ကျေးရွာချင်းဆက်လမ်းလေး တွေဖြစ်နေပြီးတော့ အဆိုပါ (၄)လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီအထဲ မှာပါဝင်တဲ့ မော်ခေါင်းတုန်း–ဘိုတောင်လမ်းအရှည် (၃)မိုင် (၆)ဖာလုံကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင်လမ်းစာရင်းမှာ မပါသေးတဲ့အတွက် ကျေးလက်လမ်းအဖြစ် သိမ်းသွင်းနိုင်ဖို့အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်သွားရမှာ ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဖော်ပြတဲ့လမ်း ကျန်တဲ့ (၄)လမ်းအနက်က ရွာသစ် - ဥယျာဉ်ကြီး - တောင်ညိုလေးလမ်းနဲ့ ကမာချောင်း - ရင်ကန်းအော် လမ်းတို့ကိုတော့ မြေသားလမ်းအကျယ် ပေ(၃၀)ချဲ့ပြီး ကျောက်ရောမြေခင်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှာ တင်ပြတောင်း

ခံပြီး ရန်ပုံငွေရရှိမှုအပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများကိုတော့ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းဘဏ္ဍာရေးနှစ်များမှာ နှစ်တစ်နှစ်ချင်းစီအလိုက် ရန်ပုံငွေ တင်ပြတောင်းခံ၍ ရန်ပုံငွေ ရရှိမှုအပေါ်မူတည် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ ပျက်စီးနေသော မူလလမ်းဟောင်း ကျိုက်ပရံ – ကော့ဘိုးလမ်း (၂)မိုင်(၆)ဖာလုံအား ဂဝံမြေသားလမ်း ခင်းပေးရန်နှင့် ထိုလမ်းပိုင်းပေါ်တွင် ဆောက်လုပ်ရန် ကျန်ရှိသည့် တံတား(၅)စင်းတို့အား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ ကျိုက်ပရံ – ကော့ဘိုးလမ်းအရှည် (၂)မိုင် (၆)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း၏ (၆)ဖာလုံသည် မြေသားတာပေါင်လမ်း ရှိပြီးဖြစ်တဲ့အတွက် ကျန်နေသေးတဲ့ (၂)မိုင်ကို မြေသားတာပေါင် မြှင့်တင်ပြီးတော့ ဂဝံလမ်းခင်းဖို့ ၎င်းအပေါ်မှာရှိတဲ့ (၁၀)ပေ ကွန်ကရစ်တံတား(၂)စင်း၊ (၁၅)ပေ တံတား(၁)စင်း၊ (၃၀)ပေ တံတား(၁)စင်း၊ (၄၀)ပေ တံတား(၁)စင်း စုစုပေါင်း ကွန်ကရစ်တံတား (၅)စင်း ဆောက်လုပ်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ အဆိုပါလမ်းကို အဆင့်မြှင့်တင်ပြီးရင်တော့ ကျေးရွာပေါင်း (၃)ရွာ လူဦးရေ (၇၀၀၀)ကျော်ကို တိုက်ရိုက်အကျိုးပြုမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ကျိုက်ပရံ – ကော့ဘိုးလမ်း Class(B) ဦးစားပေး အဆင့်(၁)မှာ ပါဝင်တဲ့ မြေသားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် တံတား (၅)စင်း တည်ဆောက်ခြင်းတို့ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် မေးမြန်းထားတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် (၂)မြို့နယ် ဆက်သွယ်လျက်ရှိသော ကြို့ကုန်းကျေးရွာနှင့် ပန်းတောကျေးရွာ သွင်းကုန်၊ ထုတ်ကုန် မြေသားလမ်း ပြုလုပ်ပေးရန်နှင့် ၎င်းမြေသားလမ်းပေါ်တွင် ဂဝံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရွှေလောင်းကျေးရွာအုပ်စု၊ ပန်းတောကျေးရွာနှင့် မိုးညိုမြို့နယ်၊ မတော့ကုန်းကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာတို့ကို ဆက်သွယ်ထားသော ပန်းတော – ကြို့ကုန်း ကျေးရွာချင်းဆက်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းစာရင်းမှာ ပါဝင်ခြင်းမရှိသေးပါကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ပန်းတော – ကြို့ကုန်း ကျေးရွာချင်းဆက်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ဖို့အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဦးစွာပထမ တင်ပြရမည်ဖြစ်ပြီးတော့ ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၂၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၅၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၅၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁:၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျာ။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၄။**

**ဦးသိန်းလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၀၈၆

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၅ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၇-၂-၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) နှင့် ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) တို့က ၁၈-၂-၂၀၂၀ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၀-၂-၂၀၂၀ ရက်နေ့နှင့် ၂၈-၂-၂၀၂၀ ရက်နေ့တို့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို ညှိနှိုင်းဆွေးနွေးရာတွင် –

(က) ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် အဆိုပြုဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဍ) ၏နောက်တွင် အပိုဒ်ခွဲ(ဎ)အဖြစ် ရုံးအဖွဲ့အကြီးအမှူး ဆိုသည်မှာ ကော်မရှင် ရုံးအဖွဲ့၏ အကြီးအမှူးကို ဆိုသည် ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍လည်း ကောင်း၊ ဆက်သွယ်ရေးဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် အဆိုပြုဥပဒေကြမ်း အပိုဒ် ၄ တွင် ဖော်ပြထားသော စကားရပ်များကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည် –

၄။ နိုင်ငံတော်သမ္မတသည် ဤဥပဒေအာဏာတည်သည့်နေ့မှ ရက်ပေါင်း ၁၈၀ အတွင်း မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်း ရမည် –

| | |
|---|---|
| (က) ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး | ဥက္ကဋ္ဌ |
| ( ခ ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာပညာရှင်နှစ်ဦး | အဖွဲ့ဝင် |
| ( ဂ ) ဥပဒေပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) စီးပွားရေးပညာရှင်တစ်ဦး | အဖွဲ့ဝင် |

( ခ ) အရေးအသား ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် အဆိုပြုဥပဒေကြမ်း အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ရွေးချယ်ရေးကော်မတီမှ အဆိုပြုတင်ပြလာသည့် ကော်မရှင် အဖွဲ့ဝင်လောင်းများအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခန့်အပ်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၁၇၊ အပိုဒ်ခွဲ(ဏ)၏နောက်တွင် အပိုဒ်ခွဲ(တ)အဖြစ် နိုင်ငံတော်နှင့် ပြည်သူတို့ နစ်နာမှုမရှိစေရေးအတွက် လိုင်စင်၊ ခွင့်ပြုချက်၊ အသိအမှတ်ပြုရရှိသည့်သူများ၊ လုပ်ငန်းများအပေါ် စောင့်ကြည့် အကဲဖြတ်ခြင်းနှင့် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၂၇ ကို အပိုဒ် ၂၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များ အစား စိတ်ပေ့ါသွပ်သူ ဟု သက်ဆိုင်ရာ ဥပဒေအရ ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ် ခြင်းခံရသူဖြစ်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၂ ကို

အပိုဒ် ၃၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်-

၃၁။　ကော်မရှင်သည် -

(က)　ရုံးအဖွဲ့အကြီးအမှူး၏ လုပ်ငန်းတာဝန်များကို သီးခြားသတ်မှတ်ပေးရမည်။

( ခ )　ရုံးအဖွဲ့အကြီးအမှူးနေရာ လစ်လပ်ပါက သတ်မှတ်ချက်နှင့်အညီ အစားထိုးခန့်အပ်ရမည်။

( ဂ )　ရုံးအဖွဲ့အကြီးအမှူး၏ ဝန်ထမ်းရေးရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

( ဂ )　အဆိုပြုဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ) နှင့် (ဃ)၊ အပိုဒ်၇၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ခ) တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ဃ)　မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်တို့အတွက် ပြင်ဆင်ထားပြီး ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၂(င)(စ) (ဆ)(ဇ)(ည)(ဎ)၊ အပိုဒ် ၃(စ)၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၇(ခ)(၂)(၃)၊ အပိုဒ် ၈(ဂ)(၃)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၂ ခြေဆင်း၊ အပိုဒ် ၁၂(ဂ)၊ အပိုဒ် ၁၆ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(င)(စ)(ဆ)(ဇ)(ည)(ဎ)၊ အပိုဒ် ၃(စ)၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၇(ခ)(၂)(၃)၊ အပိုဒ် ၈(ဂ)(၃)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၂ ခြေဆင်း၊ အပိုဒ် ၁၂(ဂ)၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၁၇(က)(ခ)(ဂ)(စ)(ဆ)(ဎ)(တ)၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(ခ)၊ အပိုဒ် ၂၆(ခ)(ဃ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈(ဂ) တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇ (က)(ခ)(ဂ)(စ)(ဆ)(ဎ)(တ)၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁(ခ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(ခ)၊ အပိုဒ်၂၆ (ခ)(ဃ)၊ အပိုဒ်၂၇၊ အပိုဒ် ၂၈(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၃၀(က)(ခ)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၃(ဃ)၊ အပိုဒ် ၃၇ (ဂ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၄ (ခ)(၂)၊ အပိုဒ် ၅၀(က)၊ အပိုဒ် ၆၀ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၀(က)(ခ)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၃(ဃ)၊ အပိုဒ် ၃၇(ဂ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၄(ခ)(၂)၊ အပိုဒ် ၅၀(က)၊ အပိုဒ် ၆၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ ပယ်ဖျက်ချက် ဖြစ်တဲ့ အဆိုပြုပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်း၏ အပိုဒ် ၄(ဂ)(ဃ)၊ အပိုဒ် ၇(ခ)(၁)(၅)၊ အပိုဒ် ၁၁(ခ)၊ အပိုဒ် ၁၈(က)(ခ) တို့ကို လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင်တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ယခု ပြင်ဆင်ချက်များဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်း ဖြစ်သည်။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဆက်သွယ်ရေး ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာ နိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၈။**

**ဦးသာဦး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးသာဦး ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့တဲ့ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အခုလို အတည်ပြုနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့်အဖွဲ့ဝင်များ၊ ဆွေးနွေးအကြံပြုပေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ပါဝင် ဆောင်ရွက်ပေးခဲ့ကြတဲ့ ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားလို ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ဆက်သွယ် ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီးတော့ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် များအရ ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းခဲ့ပြီးတော့ ဆက်စပ်နည်းဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ကာ နိုင်ငံတော်ကသာ လုပ်ကိုင်ခွင့်ရှိတဲ့ ဆက်သွယ်ရေးကဏ္ဍကို ပြည်တွင်းပြည်ပ ကုမ္ပဏီများအား ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပေးတဲ့အတွက် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာ (၄)ဦးတို့အပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် စုစုပေါင်း(၂၀၆)ခုကို ခွင့်ပြုပေးထား

ပြီဖြစ်တဲ့အတွက် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍဟာ မတည်ရင်းနှီးငွေ ကြီးမားပြီးတော့ နည်းပညာမြင့်မားတဲ့ ကဏ္ဍဖြစ်တာနှင့်အညီ ဆက်သွယ်ရေးဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှု များစွာဝင်ရောက်လျက်ရှိကာ ဝင်ရောက်လာတဲ့ ရင်းနှီးမြှုပ်နှံမှုများ၏ ယုံကြည်ကိုးစားမှုရရှိရန် လိုအပ်လာခြင်း၊ ပြိုင်ဆိုင်မှုအရှိန် မြင့်မားလာခြင်းတို့ကြောင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရန် ဒီမိုကရေစီကိုအခြေခံသော တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ အရည်အချင်းပြည့်ဝသော အဖွဲ့အစည်းတစ်ခုကို ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဆိုပါအဖွဲ့အစည်းဟာ ဆက်သွယ်ရေးဆိုင်ရာ မူဝါဒချမှတ်သည့် ဝန်ကြီးဌာန၊ ဝန်ဆောင်မှုပေးသူတို့နှင့် သီးခြားခွဲထုတ်ရမှာဖြစ်ပြီး လွတ်လပ်၍ အမှီအခိုကင်းစွာဖြင့် ကြီးကြပ်ကွပ်ကဲသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်မှသာ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍရဲ့ လက်ရှိရထားပြီးဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ဆက်လက်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ဥပဒေကို ရေးဆွဲရာမှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ စာပို့တိုက်ကဏ္ဍတို့ကို စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ချမှတ်ဆောင်ရွက်နိုင်ရန်၊ လွတ်လပ်သော ရန်ပုံငွေတစ်ရပ် ထူထောင်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍနှင့် စာပို့တိုက်ကဏ္ဍတို့ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နိုင်ရန်နှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် သုံးစွဲသူများရဲ့ ယုံကြည်မှုကိုရရှိစေရန် စသည့် ရည်ရွယ်ချက်တို့ဖြင့် ရေးဆွဲထားတာ ဖြစ်ပါတယ်။

လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်သည် နိုင်ငံတော်အစိုးရမှ ချမှတ်ပေးသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဆိုင်ရာ မူဝါဒများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်ဖြစ်စေ ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကော်မရှင်အနေဖြင့် ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လွတ်လပ်စွာ ခေါ်ယူခန့်ထားနိုင်ခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သီးခြားရန်ပုံငွေ ထားရှိကာ သုံးစွဲနိုင်ခြင်းတို့ကြောင့် ယှဉ်ပြိုင်မှုကြီးမားပြီး တိုးတက်လျက်ရှိသည့် ဆက်သွယ်ရေးဈေးကွက်ကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကဏ္ဍနှင့် စာပို့တိုက်ကဏ္ဍကို စနစ်တကျ ကြီးကြပ်ကွပ်ကဲသည့် သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်မည့် အဖွဲ့အစည်းတစ်ရပ် ဥပဒေနှင့်အညီ ပေါ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း

ကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၁၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၁၂။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဇော်ဟိန်းမှ ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂:၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည် ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ ဆက်သွယ်ရေး ကော်မရှင် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၂:၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၄။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိသော ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းဖြစ်ပါတယ်။ ကျွန်တော် ယခု တင်သွင်းမယ့်အစီရင်ခံစာဟာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ**
**နည်းဥပဒေများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ – ၁)၁ /၂၀၂၀ – ၀၉၃

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ မတ် လ ၂၃ ရက်

၁။ ပြည်သူ့လွှတ်တော်က တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၁၉–၁၂–၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်၊ ရေခတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ၆–၃–၂၀၂၀ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ

တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၂၃-၃-၂၀၂၀ ရက်နေ့၊ နံနက် (၈:၀၀)နာရီအချိန်တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ရာတွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း သဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်ပြီး အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂:၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် က အကြံပြု ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြု ဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်နှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတိုင်းသာ အတည်ပြု ဆောင်ရွက်သင့်ကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။

## ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂:၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၀။၁၈**

**ဗိုလ်မှူးကြီးသန်းနိုင်ဝင်း (တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။

ဥက္ကဋ္ဌခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အဓိကတာဝန်မှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးရန် ဖြစ်ပါတယ်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးရပါတယ်။ ထိုကဲ့သို့ လိုက်နာကျင့်သုံးနိုင်ရန် Mobile ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်ထောင်စု

ရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများကိုလည်းကောင်း၊ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်ရာ၌ လိုက်နာကျင့်သုံးမည့် နည်းဥပဒေများကိုလည်းကောင်း ပြဋ္ဌာန်းသတ်မှတ်ထုတ်ပြန်ရသဖြင့် ပြင်ဆင်ထားသည့် လွှတ်တော် အသီးသီး၏ ရွေးကောက်ပွဲနည်းဥပဒေများအား ရည်ရွယ်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌခင်ဗျား။ နည်းဥပဒေ ၅၁ (ခ)ဖ ရဲ့ မူလပြဋ္ဌာန်းချက် နှင့် ရွေးကောက်ပွဲ ကော်မရှင်မှ ပြင်ဆင်ရန် တင်ပြချက်မှာ Slide မှာတင်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄)တို့ပါ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ၊ ကြိုတင်ဆန္ဒမဲ ပေးခြင်းကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လုံခြုံရေးအရ အန္တရာယ်ရှိသော နေရာများ၊ သွားလာရန် ကန့်သတ်ထားသော နေရာများမှအပ လိုက်ပါ ကြည့်ရှုနိုင်မည်လို့ ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ကျိုးကြောင်းဖော်ပြချက်အနေနှင့် သက်ဆိုင်ရာမှ ခွင့်ပြုသတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်များဟာ ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို မထိခိုက်စေဘဲ မဲပေးခြင်းနှင့် မသက်ဆိုင်သည့် နေရာများကို သွားလာနိုင်ခြင်းမရှိစေရန် ပြင်ဆင်ခြင်းဖြစ်ပါတယ်။

အဲဒါအပြင် တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့လုံခြုံရေး၊ စစ်မှုထမ်းလုံခြုံရေး၊ စစ်ပစ္စည်းလုံခြုံရေး၊ စစ်ဘက်ဆိုင်ရာ စာရွက်စာတမ်းများ လုံခြုံရေး၊ စစ်ဆင်ရေးလုံခြုံရေးအား ပြင်ပသို့ မပေါက်ကြားသင့်သည်များ မပေါက်ကြားအောင် ထိန်းသိမ်းဆောင်ရွက်ရသည့် နေရာများဖြစ်ပါတယ်။ တပ်တွင်းရှိမိသားစုများကိုယ်တိုင် သတ်မှတ်ပေးထားသော နေရာများမှအပ လုံခြုံရေးအရ တားမြစ်ထားသော နေရာများကို သွားလာမှုမရှိစေရေး လိုက်နာ ဆောင်ရွက်ရပါတယ်။ ထိုကဲ့သို့ လုံခြုံရေးအရ အန္တရာယ်ရှိသော၊ ကန့်သတ်တားမြစ်ထားသော နယ်မြေဧရိယာအတွင်းသို့ ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုထားသော ပုဂ္ဂိုလ်များ သွားရောက်ပါက တပ်အနေဖြင့် တားမြစ်ထားသဖြင့် မလိုအပ်သော ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဖြည့်စွက်ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌခင်ဗျား။ ဆက်လက်ပြီး နည်းဥပဒေ ၅ဖ(က)(၄)ကို ပြင်ဆင်ရန် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နည်းဥပဒေ ၅ဖ (က)(၄) ရဲ့ မူလပြဋ္ဌာန်းချက်နှင့် ရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်ရန် တင်ပြချက်မှာ Slide မှာ တင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြို့နယ်၊ ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာ တပ်မှူးထံမှ စာဖြင့် တောင်းယူရမည်။ ထိုစာရင်းများ ရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာ

ကော်မရှင် အဖွဲ့ခွဲသည် အမည်စာရင်းများကို ပုံစံ (၁)နှင့် တိုက်ဆိုင်စစ်ဆေး၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည်။ ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များ၏ စာရင်းကို ပုံစံ(၁)(၂)ဖြင့် သီးခြားရေးမှတ်ပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးတွင် လျှို့ဝှက်သိမ်းဆည်းထားရမည်ဟု ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေရှိ တပ်မတော်သားများ၏ အင်အားစာရင်း၊ မဲစာရင်းဟာ တပ်မတော်ရဲ့ သဘောသဘာဝအရ ထိပ်တန်းလျှို့ဝှက်အဆင့် ထားရှိရမည့်ကိစ္စဖြစ်၍ မသက်ဆိုင်သူများထံ ပေါက်ကြားမှုမရှိစေရန်၊ မြို့နယ်ရွေးကောက်ပွဲ မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံး၌သာ သိမ်းဆည်းနိုင်ရန် ပြင်ဆင်ခြင်းဖြစ်ပါတယ်။

အင်အားစာရင်းသည် တပ်ရင်း၊ တပ်ဖွဲ့ရဲ့ စာရွက်စာတမ်း လုံခြုံရေးဖြစ်ပြီး ဖြစ်သည့်တပ်တွင် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ပါတယ်။ တပ်ရင်းအင်အားစာရင်းများကို မင်နီတားပြီး ဖော်ပြပါက တပ်တွင်းရှိ အင်အားများကို မလိုအပ်သူများ သိရှိ၍ လုံခြုံရေးအရ အန္တရာယ်ဖြစ်လာနိုင်ပါတယ်။ စာရွက်စာတမ်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့်လည်း လုံခြုံရေးအရ ထားရှိရမည့် စာရွက်စာတမ်းများ ပေါက်ကြားပါက ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၅(၁)(ဃ)အရ ပြစ်မှုမြောက်မှာဖြစ်တဲ့အတွက်ကြောင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရုံးအဖွဲ့ဝင်များ အထူးသတိထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့်လည်း ကြိုတင်ကာကွယ်သည့်အနေနှင့် တပ်မတော်သားများနှင့် သက်ဆိုင်သည့် မဲစာရင်း၊ ကြိုတင်ဆန္ဒမဲပြုစုစာရင်းများကို ဆောင်ရွက်ရာ မှာ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာ တပ်မှူးတို့အား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ အဲဒါကြောင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ တပ်မတော်သားရဲ့ အင်အားစာရင်း၊ မဲစာရင်းအား ပေါက်ကြားမှု မရှိစေရေးအတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌခင်ဗျား။ နောက်ဆုံးအနေဖြင့် နည်းဥပဒေ ဖ၀(က)(၁) ကိုဆွေးနွေးသွားမှာဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်နှင့် ရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ရန် တင်ပြချက်ကို Slide မှာဖော်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မဲဆန္ဒနယ်မြေပြင်ပရောက် တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များအတွက်ဖြစ်စေ၊ ကော်မရှင်က သက်ဆိုင်ရာ တပ်မှူးနှင့် ညှိနှိုင်းသတ်မှတ်သော နေ့ရက်နှင့် အချိန်အတွင်းတွင် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့၌ တာဝန်အရှိဆုံးပုဂ္ဂိုလ်က စီစဉ်ပေးသည့်နေရာဟု ဖြည့်စွက်ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနှင့် မည်သည့် နိုင်ငံတကာတပ်မတော်မဆို တပ်မတော်ရဲ့ သဘောသဘာဝအရ (၂၄)နာရီပတ်လုံးအသင့်ရှိပြီး တာဝန်ရှိသူများဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ရသူများဖြစ်ပါတယ်။

တပ်မတော်သားများရဲ့ တာဝန်ထမ်းဆောင်ရမည့်အခြေအနေကို သက်ဆိုင်ရာတပ်မှူးသာ အသိဆုံးဖြစ်ပါတယ်။ ဒ့ါအပြင် တခါတရံ အရေးပေါ်ကိစ္စများကို ချက်ချင်း ဆောင်ရွက်ရမည့်

အခြေအနေများလည်း ရှိပါတယ်။ ထိုကဲ့သို့သော အခြေအနေများရှိသဖြင့် တပ်မတော်သားများနှင့် အတူနေ မိသားစုဝင်များ ကြိုတင်ဆန္ဒမဲပေးရန် နေ့ရက် အချိန်ကို သက်ဆိုင်ရာ တပ်မှူးနှင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက် ဖြစ်ပါတယ်။ ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၃၈ (က)နဲ့၊ ပုဒ်မ ၃၆၉(က)တို့ အရ နိုင်ငံသားတိုင်းသည် ထိုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့် ရှိသည့်ပြဋ္ဌာန်းချက်နှင့်အညီ မဲဆန္ဒနယ်ပြင်ပရောက် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများနှင့် မဲဆန္ဒနေ့ရက်မတိုင်မီ တာဝန်ထမ်းဆောင် သွားမည့် တပ်မတော်သားများသည် ဥပဒေနှင့်ညီညွတ်သည့် နိုင်ငံသားများ ဖြစ်သောကြောင့် နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ဥပဒေပြဋ္ဌာန်းချက်များကို လက်တွေ့ အကောင်အထည် ဖော်တဲ့အခါမှာ အခက်အခဲဖြစ်စေနိုင်မည့် အချက်များကို ရှောင်ရှားပြီး လွယ်ကူစွာ ဆောင်ရွက် နိုင်ရေးအတွက် ရည်မှန်းပြီး ပြင်ဆင်ဖြည့်စွက် လိုခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီ------------------။

**အချိန်၊ ၁၂း ၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း ၂၄။**

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော့်အနေနှင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေ ၅ နှင့် ပတ်သက်ပြီးတော့မှ ဆွေးနွေးမှာဖြစ်ပါတယ်။ Power Point ဖြင့် ဆွေးနွေးတင်ပြခွင့် ပြုပါရန် တင်ပြအပ်ပါတယ်။ အဆိုပြု ပြဋ္ဌာန်းချက်တွင် မဲစာရင်းပြုစုရာ၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှ ပြုစုထားသော လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ရုံးက ပြုစုထားသော လူဦးရေစာရင်းကို အခြေခံ၍ ပြုစုရမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ အဆိုပါ အဆိုပြုပြဋ္ဌာန်းချက် နည်းဥပဒေ ၅ ၏ ခြေဆင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ မဲစာရင်းပြုစုရာတွင်ဟူ၍ သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ စကားရပ်ကို ဖြည့်စွက်ခြင်းအား ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပါသည်။ ကျွန်တော့် အနေဖြင့်လည်း သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်းမှ လူဦးရေကိုသာ အခြေခံပြုစုမှသာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ဖော်ဆောင်နိုင်ရေးအတွက် အခြေခံအချက်ဖြစ်သဖြင့် ပြည်သူ့

လွှတ်တော်က အတည်ပြုသော နည်းဥပဒေ ၅ ၏ ခြေဆင်းတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဟူသော စကားရပ်ကို ဖြည့်စွက်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ထပ်မံတင်ပြရန် မရှိပါဘူး။

**အချိန်၊ ၁၂: ၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီး ကျော်ကျော်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၂၆။**

**ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနှင့် ပြည်သူ့လွှတ်တော်က ပေးပို့လာတဲ့ ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်တဲ့ နည်းဥပဒေများအနက်မှ နည်းဥပဒေ ၅၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေ ၃၉(က)(၂) တို့အပေါ် ပြင်ဆင်လိုတဲ့အချက်များကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့် ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲကော်မရှင်ရဲ့ ပြင်ဆင်ချက် နည်းဥပဒေ ၅ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများသည် မဲစာရင်းပြုစုရာတွင် ဆိုတဲ့ နေရာ၌ ပြည်သူ့ လွှတ်တော်၏ ပေးပို့ချက်ဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ မဲစာရင်းပြုစုရာတွင်နေရာ၌ ထည့်သွင်းထားမှုကို သဘောတူပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် နည်းပဒေ ၅ ၏ ပြင်ဆင်ချက်သည် သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ မဟုတ်တဲ့ လူပုဂ္ဂိုလ်များ ပါဝင်မှု မရှိစေရန်အတွက် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့ထားသည့် ပြင်ဆင်ချက်တွင် နည်းဥပဒေ၏ ခြေဆင်း၌ ထည့်သွင်း ပြင်ဆင်ထားတာကြောင့် နည်းဥပဒေကို ပိုမိုပြည့်စုံသွားတဲ့အတွက် ၎င်းပြင်ဆင်ချက်ကို သဘောတူ ပါကြောင်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၁၀ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ် ပြင်ပရောက်နေတဲ့ကာလကို အနည်းဆုံးရက်ပေါင်း (၁၈၀)ထက်မနည်း ဆိုတဲ့ စကားရပ် အစား အနည်းဆုံးရက်ပေါင်း (၉၀)ထက်မနည်း ဆိုတဲ့ စကားရပ်ကို အစားထိုးပြင်ဆင်လိုတာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းဆုံးရက်ပေါင်း (၁၈၀)ထက် မနည်းဆိုတဲ့ ပြဋ္ဌာန်းချက် အတိုင်းသာ ထားရှိလိုကြောင်း ဆွေးနွေးလိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် မဲဆန္ဒရှင် တစ်ဦးဦးကို ယင်းနှင့်သက်ဆိုင်တဲ့ မဲဆန္ဒနယ်မြေမှာ အနည်းဆုံး ရက်ပေါင်း (၉၀)ဟာ မဲဆန္ဒနယ်မြေ

ပြင်ပရောက်ရှိ ကာလသတ်မှတ်ပြီး မဲပေးခွင့်ပြုလိုက်ပါက မဲဆန္ဒနယ်မြေအလိုက် ဝင်ရောက်ပြီး ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရဲ့ အမည်စာရင်းသိရှိချိန်မှာ မိမိတို့ မဲပေး ရွေးချယ်လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများရှိတဲ့ မဲဆန္ဒနယ်မြေများကို ရွှေ့ပြောင်းမဲပေး ခြင်းများ ဖြစ်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။ ပြင်ပရောက်မဲဆန္ဒရှင်များဟာ သက်ဆိုင်ရာ မဲဆန္ဒနယ် မြေတွင် ရက်ပေါင်း(၉၀) နေထိုင်တာကို ဘယ်အထောက်အထားနှင့် အတည်ပြုမှာလဲ ဘယ်သူက အတည်ပြုပေးမှာလဲ၊ ဒီမဲဆန္ဒရှင်က အဲဒီမဲဆန္ဒနယ်မြေမှာ နေထိုင်တာကို ဘယ်သူ့ကို သတင်းပို့ရ မှာလဲလို့ ပြည်သူလူထုက မေးခွန်းထုတ်ချင်စရာ ဖြစ်လာနိုင်ပါတယ်။

တကယ်လို့ အတည်ပြုခဲ့ရင်တောင် ဒေသခံပြည်သူလူထု အချိန်မီ သိရှိအောင် ပွင့်လင်း မြင်သာစွာ သီးခြား ထုတ်ပြန်ချက်တွေလုပ်ပေးဖို့ တောင်းဆိုလာနိုင်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ တိုင်းရင်းသားများမှလည်း ၎င်းတို့ရဲ့ မဲဆန္ဒနယ်မြေများမှာ ဘယ်ကလာမှန်း မသိတဲ့လူတွေက မဲပေးမှာကို ဒေသခံတိုင်းရင်းသားများက လိုလားမှုရှိရဲ့လား၊ သူတို့တွေရဲ့ အခွင့်အရေးတွေ ဆုံးရှုံးနစ်နာသွားမှာကို စိုးရိမ်နေကြမှာသေချာပါတယ်။ ဒေသခံ တိုင်းရင်းသားများရဲ့ မျှော်လင့်ချက်တွေလည်း ပျောက်ဆုံးသွားနိုင်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ရွေးကောက် ပွဲတွင် အထက်မှာ တင်ပြခဲ့တဲ့ ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်။ ဒေသခံပြည်သူလူထုမှာ မကျေနပ်တဲ့ ပြောဆိုသံများကိုလည်း အားလုံးကြားသိခဲ့ကြမယ်လို့ ထင်ပါတယ်။ ယခုကော်မရှင်က ပြင်ဆင်တဲ့ ရက်ပေါင်း (၉၀) သတ်မှတ်ချက်ကို မကျေနပ်လို့ ၉-၃-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့မှာ နိုင်ငံရေးပါတီတစ်ခုက ဦးဆောင်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြတာကို သိရှိကြမယ်လို့ ထင်ပါတယ်။ ကော်မရှင်ရဲ့ ပြင်ဆင်ချက်ဟာ ဒေသခံလူထု တိုင်းရင်းသားများနှင့် နိုင်ငံရေးပါတီများအတွက် ပိုမိုရှုပ်ထွေးသွား စေမှာဖြစ်ပြီး မဲ မသမာမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဆွေးနွေးလိုပါတယ်။ ဒါကြောင့် နည်းဥပဒေတွင် ရက်ပေါင်း (၁၈၀)ထက်မနည်းဟူသော မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိဖို့ ဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေ ပုဒ်မ ၃၉(က)(၂) မှာ ထိုတပ်ရင်းတပ်ဖွဲ့၏ ပြင်ပ သင့်လျော် သည့်နေရာတွင် သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ထားခြင်းကို လုံခြုံရေးအရ သင့်လျော်သည့် နေရာ တွင် တပ်မှူးနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ချင်ပါတယ်။ ကျိုးကြောင်းဖော်ပြချက် အနေဖြင့် မဲရုံများဟာ ရွေးကောက်ပွဲဖြစ်စဉ်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တဲ့အတွက် နိုင်ငံသားအားလုံး အချိန်မီ မဲပေးနိုင်ရန် လက်လှမ်းမီဖို့ လိုအပ်ပါတယ်။ ယေဘုယျ မူတစ်ခုအနေဖြင့် မဲရုံ အရေအတွက်၊ မဲရုံနေရာ သတ်မှတ်တဲ့အခါမှာ မဲပေးတဲ့လူဦးရေ ပထဝီ အနေအထားအရ ဖြန့်ကြက်ပြီး ထည့်သွင်းစဉ်းစားရပါတယ်။ ဒ့ါအပြင် မဲပေးတဲ့ နိုင်ငံသားများအတွက် လူသား လုံခြုံရေး (Human Security) သဘောတရားဖြစ်တဲ့ အကြမ်းဖက်မှုတို့မှ ကင်းဝေးစေရန်အတွက် ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဂျပန်နိုင်ငံ၊ တိုကျိုအခြေစိုက် သုတေသနအဖွဲ့အစည်း တစ်ခုရဲ့ အဆို

အရ လူသားလုံခြုံရေးဆိုတာ လူသားတွေအတွက် အသက်အန္တရာယ် စိုးရိမ်ရဖွယ်ရှိနိုင်တဲ့ ခြိမ်းခြောက်မှုများမှ ကာကွယ်စောင့်ရှောက်ခြင်းလို့ ရှုမြင်သုံးသပ်ထားတာ လေ့လာတွေ့ရှိရပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားတွေက ပြုလုပ်တဲ့ Anthrogenic Activity ကြောင့် ဖြစ်စေ၊ အကျိုးဝင်ရုံသာမက နိုင်ငံအတွင်းမှာဖြစ်စေ၊ နိုင်ငံပြင်ပမှာဖြစ်စေ တိုက်ရိုက်စီမံဆောင်ရွက်မှုဖြစ်စေ အကျိုးဝင်တယ်လို့ ဆိုထားပါတယ်။ ဒီလိုတွေမဖြစ်အောင် နိုင်ငံတော်က အဓိကတာဝန်ယူရမှာပဲ ဖြစ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်မှုတွေကို လေ့လာကြည့်ရင် အကြမ်းဖက်သောင်းကျန်းသူများဟာ လွှတ်တော်ကိုယ်စားလှယ်၊ အပြစ်မဲ့ပြည်သူများ၊ အစိုးရဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများကို အကြမ်းဖက်တိုက်ခိုက်နေတာ တွေ့ရှိကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မဲရုံသတ်မှတ်တဲ့အခါ လူသားလုံခြုံရေး (Human Security)ကို မဖြစ်မနေထည့်သွင်းစဉ်းစားရမယ်လို့ ပြောကြားလိုပါတယ်။ ဆန္ဒမဲပေးရာမှာလည်း ပွင့်လင်းမြင်သာမှုရှိပြီး သတ်မှတ်ခွင့်ပြုထားတဲ့ လူပုဂ္ဂိုလ်များနှင့် မဲဆန္ဒရှင်များကို လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်တဲ့ လုံခြုံရေးအရ သင့်လျော်တဲ့နေရာမှာ သတ်မှတ်ပေးနိုင်ရန်အတွက် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုတင်ပြလိုတာကတော့ မည်သည့်နေရာဒေသမှာပဲ မဲပေးသည်ဖြစ်စေ မဲပေးသူရဲ့ သဘောထားဟာ အဓိကဖြစ်တယ်ဆိုတာကို သတိချပ်စေချင်ပါတယ်။ နိုင်ငံသားတိုင်း မူလရပိုင်ခွင့် အခွင့်အရေးများကို အသိအမှတ်ပြု နားလည်ပေးခြင်းအားဖြင့် ဒီမိုကရေစီစံနှုန်းများ ပိုမိုမြင့်တက်လာစေမှာဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လေ့လာကြည့်ရင် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ မဲပေးတဲ့ မဲရုံမှာ တာဝန်ပေးထားတဲ့ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်း စစ်ဆေးသူနှင့် မဲလက်မှတ် ထုတ်ပေးသူတို့ဟာ တပ်မိသားစုဝင်တွေ မဟုတ်ပါဘူး။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်က ခန့်အပ်ထားတဲ့ နယ်ဘက်ဝန်ထမ်းများသာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မဲရုံအတွင်းမှာလည်း ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့ရဲ့ ကိုယ်စားလှယ်လောင်းများကိုလည်း နေရာသတ်မှတ်ထားတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် သတင်းမီဒီယာများကိုလည်း ဝင်ထွက်၊ သွားလာ သတင်းရယူနိုင်အောင် ဆောင်ရွက်ပေးထားပြီး တပ်မဲရုံများအား လွတ်လပ်ပြီး တရားမျှတစွာ မဲပေးခြင်းများ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တစ်ဘက်တစ်လမ်းက ကူညီဆောင်ရွက်ပေးနေတာဖြစ်ကြောင်း လေးလေးနက်နက် ပြောကြားလိုပါတယ်။ ဒါကြောင့် ဆွေးနွေးခဲ့တဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုပေးသင့်ပါကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၃၂။**

**ဗိုလ်ကြီးဒေါ်သဇင်လှိုင် (တပ်မတော်သားကိုယ်စားလှယ်)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်မကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သဇင်လှိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဥ္စမအကြိမ် ပြင်ဆင်တဲ့ နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ နည်းဥပဒေ ၅၁ (ခ)(၆) ရဲ့ မူလပြဋ္ဌာန်းချက်နဲ့ ရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်ရန် တင်ပြချက်မှာ Slide မှာ တင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နည်းဥပဒေ ၅၁ (ခ)(၆) ကို နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄)တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တို့သည် ကြိုတင်ဆန္ဒမဲပေးသူ၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လုံခြုံရေးအရ အန္တရာယ် ရှိသောနေရာများ၊ သွားလာရန် ကန့်သတ်ထားတဲ့ နေရာများမှအပ လိုက်ပါကြည့်ရှုနိုင်သည်လို့ ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ သက်ဆိုင်ရာ ခွင့်ပြုသတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်များဟာ ကြိုတင်ဆန္ဒမဲပေးသူတွေရဲ့ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ မဲပေးခြင်းနှင့် မသက်ဆိုင်တဲ့ လုံခြုံရေးအရ အန္တရာယ်ရှိသော နေရာများ၊ သွားလာရန် ကန့်သတ်ထားတဲ့ တပ်တွင်းအခြားနေရာများမှလွဲ၍ သွားလာနိုင်စေရန် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး နည်းဥပဒေ ၅၆(က)(၄) ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နည်းဥပဒေ ၅၆(က)(၄)ရဲ့ မူလပြဋ္ဌာန်းချက်နဲ့ ကော်မရှင်မှ ပြင်ဆင်ရန် တင်ပြချက်မှာ Slide မှာ ဖော်ပြ ထားတဲ့အတိုင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှာ မဲဆန္ဒနယ် ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင် များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာ တပ်မှူးထံမှ စာဖြင့်တောင်းယူရမည်။ ထိုစာရင်း များ ရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ ဆက်လက် ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို ပုံစံ(၁)နှင့် တိုက်ဆိုင်စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များ၏ စာရင်းကို ပုံစံ(၁-၂)ဖြင့် သီးခြားရေးမှတ်ပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲ၌ လျှို့ဝှက်သိမ်းဆည်းထားရှိရမည်လို့ ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့

သက်ဆိုင်ရာ မဲဆန္ဒနယ်မှာရှိတဲ့ တပ်မတော်သားများရဲ့ အင်အားစာရင်း၊ မဲစာရင်းဟာ တပ်မတော်ရဲ့ သဘော သဘာဝအရ ထိပ်တန်းလျှို့ဝှက်၊ လုံခြုံမှုအဆင့်အတန်းရှိတဲ့ စာရွက်စာတမ်းများအဖြစ် သတ်မှတ် ပါတယ်။ အဆိုပါ စာရွက်စာတမ်းတွေကို ကိုင်တွယ်ထိန်းသိမ်း ရတဲ့သူဟာ ပြင်ပသို့ မပေါက်ကြားစေရေး အလေးဂရုပြုရပါတယ်။ ထိုက်သင့်တဲ့ ဂရုပြုမှုမရှိခြင်း သို့မဟုတ် ပေါ့လျော့ မှုကြောင့် အဆိုပါ စာရွက်စာတမ်းများ ပေါက်ကြားပါက ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက် ချက်အက်ဥပဒေ ပုဒ်မ ၅(၁)(ဃ)၊ ပုဒ်မ ၅(၄) အရ ပြစ်မှုမြောက်မှာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးမှ အဖွဲ့ဝင်များအနေဖြင့် အထူးသတိထားဖို့ လိုအပ်ပါတယ်။ နည်းဥပဒေရဲ့ လိုအပ်ချက်ကြောင့် လုံခြုံရေးကျိုးပေါက်သွားရင် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေအရ တရားစွဲဆိုရတဲ့ကိစ္စက နောက်မှဖြစ်ပြီး နိုင်ငံတော်ရဲ့ လုံခြုံရေး ကျိုးပေါက်မှုဟာ အရင်ဖြစ်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တပ်မတော်သားများနှင့် သက်ဆိုင်တဲ့ မဲစာရင်း ကြိုတင်ဆန္ဒမဲပြုသူစာရင်းကို ပြုစုရာတွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲနှင့် သက်ဆိုင်ရာ တပ်မှူးတို့ဟာ သတိပြုပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှာရှိတဲ့ တပ်မတော်သားများရဲ့အင်အားစာရင်း၊ မဲစာရင်းဟာ လျှို့ဝှက်ထားရှိရမယ့်ကိစ္စဖြစ်လို့ မသက်ဆိုင်သူများထံ ပေါက်ကြားမှုမရှိစေရန် မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံး၏ ကြီးကြပ်မှုဖြင့် အဆိုပါရုံး၌သာ နိုင်ငံတော်အတွက် လုံခြုံရေးအမြင်ဖြင့် လျှို့ဝှက် သိမ်းဆည်းထားနိုင်ရန်အတွက် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ နည်းဥပဒေ ၆၀ (က)(၁) ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မူလ ပြဋ္ဌာန်းချက်နဲ့ ကော်မရှင်မှပြင်ဆင်ရန် တင်ပြချက်မှာ Slide မှာ တင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ နည်းဥပဒေ ၆၀(က)(၁)ကတော့ မဲဆန္ဒနယ် ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များရဲ့ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်ပဲ ဖြစ်ပါတယ်။ Slide မှာ ဖော်ပြထားတဲ့အတိုင်း ကော်မရှင်က သက်ဆိုင်ရာ တပ်မှူးနှင့် ညှိနှိုင်းသတ်မှတ်သော နေ့ရက်နှင့် အချိန်တွင်းတွင် ဆိုတဲ့စကားရပ်ကို အစားထိုးပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ တပ်မတော်ရဲ့ သဘောသဘာဝအရ အချို့သော စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေရတဲ့ ဒေသတွေ မှာရှိတဲ့ တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ ကြိုတင်ဆန္ဒမဲပေးရာမှာ သက်ဆိုင်ရာ တပ်မှူးနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်စေရန် ဖြစ်ပါတယ်။ ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)တို့အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်ဆိုတဲ့ ပြဋ္ဌာန်းချက်နှင့်အညီ

မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များရဲ့ မူလအခွင့်အရေး ဖြစ်တဲ့ မိမိတို့ကို ကိုယ်စားပြုမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးကောက်တင်မြှောက်ခွင့် အခွင့်အရေး မဆုံးရှုံးစေရန် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် နည်းဥပဒေတွေကို ရေးဆွဲတဲ့ အခါမှာလည်း နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေဟာ လက်တွေ့မှာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်တဲ့အခြေအနေ ရှိ/မရှိကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် သေချာစွာ စိစစ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒနယ် ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင် များရဲ့ မဲပေးခွင့် အခွင့်အရေး မဆုံးရှုံးစေရန်နှင့် လက်တွေ့မှာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်စေရန်အတွက် နည်းဥပဒေ ၆၀(က)(၁) မှာ ကော်မရှင်က သက်ဆိုင်ရာ တပ်မှူးနှင့် ညှိနှိုင်း သတ်မှတ်သော နေ့ရက်နှင့် အချိန်တွင်းတွင် ဆိုတဲ့ စကားရပ်ကို အစားထိုး ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

အထက်ပါဆွေးနွေးချက်များအရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်တဲ့နည်းဥပဒေများထဲမှာ နည်းဥပဒေ ၅၁(ခ)(၆)၊ နည်းဥပဒေ ၅၆(က)(၄)နှင့် နည်းဥပဒေ ၆၀(က)(၁)တို့နှင့် စပ်လျဉ်း၍ နိုင်ငံသားများရဲ့ မူအခွင့်အရေး မဆုံးရှုံးစေရန်နှင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားများ လုံခြုံစိတ်ချစွာ ဆန္ဒမဲပေးနိုင်စေရန် တင်ပြပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေ များနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၂: ၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် အမျိုးသား လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၃၈။**

**ဗိုလ်မှူးကြီးသန်းနိုင်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းနိုင်ဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများမှ နည်းဥပဒေ ပုဒ်မ ၅၁ (ခ)(ဖ)နှင့် နည်းဥပဒေ ၅၆ (က)(၄)၊ နည်းဥပဒေ ၆၀ (က)(၁) တို့ကိုလည်း ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်၏ ရွေးကောက်ပွဲ နည်းဥပဒေများတွင် ဆွေးနွေးသွားသော ပြင်ဆင်ချက်အတိုင်းပဲ ပြင်ဆင်လိုပါတယ်။ ဥပဒေပြဋ္ဌာန်း ချက်များကို လက်တွေ့ အကောင်အထည်ဖော်တဲ့အခါမှာ အခက်အခဲဖြစ်စေနိုင်တဲ့အချက်များကို ရှောင်ရှားပြီး လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်မှန်းပြီး ပြင်ဆင် ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၃၉။**

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း (တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေ ပုဒ်မ ၁၀ နှင့်ပတ်သက်ပြီး ဆွေးနွေးမှာဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါ။ မူလ နည်းဥပဒေ ပုဒ်မ ၁၀ တွင် မဲဆန္ဒနယ်မြေ ပြင်ပရောက် အခြားမဲဆန္ဒရှင်များ မိမိရောက်ရှိသည့် မဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအား မဲဆန္ဒပေးနိုင်ရေး မဲစာရင်းထည့်သွင်းခြင်း ပြုလုပ်နိုင်ရန်အတွက် မဲဆန္ဒနယ်မြေ ပြင်ပရောက်ကာလကို ရက်ပေါင်း (၁၈၀)ထက်မနည်း ဟူသော စကားရပ်အစား ရက်ပေါင်း (၉၀)ထက်မနည်းဟု စကားရပ်ကို အစားထိုး ပြင်ဆင်ထားသည်ကို စိစစ်တွေ့ရှိရပါတယ်။ မိမိအနေနဲ့ကတော့ မူလအတိုင်းပဲ ထားရှိသင့်ကြောင်း တင်ပြလိုပါတယ်။ ထိုရက်ပေါင်း (၁၈၀)ထက်မနည်း အစား ရက်ပေါင်း (၉၀)ထက်မနည်းဟု ပြင်ဆင်ခြင်းဖြင့် အောက်ပါအချက်များကို ထိခိုက်ငြိစွန်းတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် နိုင်ငံသားများ၏ အခွင့်အရေးကို ထိခိုက်စေကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထို့အပြင် သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်း နေထိုင်ကြသော မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များဟု သတ်မှတ်ရာတွင် ဧည့်စာရင်းတိုင်ကြားခြင်း စစ်ဆေးနိုင်ခွင့်မရှိတော့တဲ့ နိုင်ငံတော်ရဲ့ ပကတိအခြေအနေနဲ့ မည်သည့် အထောက်အထားအပေါ် သက်သေထူကြမှာလဲ၊

ဘယ်သူက တာဝန်ယူ၍ စိစစ်ခြင်း ဆောင်ရွက်နိုင်မည်လဲ စတဲ့ အထောက်အထားမဲ့ ဆုံးဖြတ်ခြင်းဟာ တရားမျှတမှု ရှိ/မရှိနဲ့ ဒေသခံများနှင့် အခြားမဲဆန္ဒရှင်များ၊ ဒေသအာဏာပိုင်များကြားမှာ ပြဿနာဖြစ်စေနိုင်ပါတယ်။ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ ဒေသခံများရဲ့ အခွင့်အရေး ဆုံးရှုံးစေခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေပါတယ်။ ဥပဒေပြဋ္ဌာန်းချက်များသည် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အခက်အခဲ ဖြစ်စေနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ပကတိအခြေအနေနဲ့ လိုက်လျောညီထွေမှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ တစ်ဆင့်ခံဥပဒေ သို့မဟုတ် နည်းဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မညီညွတ်ပါက ပျက်ပြယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မပြုနိုင်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်နှင့် ဆုံးဖြတ်ချက် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉(စ)နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈ တို့တွင် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ကြီးကြပ်စေခြင်းနှင့် လမ်းညွှန်ခြင်းဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉(ဆ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈ တို့တွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးခြင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များသည် အပြီးအပြတ်နှင့် အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံသားများက ရွေးကောက်ပွဲကော်မရှင်ဟာ လွတ်လပ်၍ တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပပေးနိုင်စေရန် ယုံကြည်အားကိုးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၌ပင် ယင်းရဲ့ လုပ်ပိုင်ခွင့်ကို အပြည့်အဝ အပ်နှင်းထားတာ ဖြစ်ပါတယ်။ နိုင်ငံသားများ ယုံကြည်ကိုးစား၍ အပ်နှင်းထားတဲ့ ဥပဒေရေးရာအခွင့်အာဏာကို အလွဲသုံးစားမှု မပြုမိစေရန်အတွက် ဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မူလပြဋ္ဌာန်းချက်အတိုင်းသာ ရက်ပေါင်း(၁၈၀) ထက်မနည်းဟူသော စကားရပ်ကို ထားရှိသင့်ပါကြောင်း တင်ပြလိုပါတယ်။ ထပ်မံတင်ပြရန် မရှိပါဘူး။

**အချိန်၊ ၁၂:၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၄၂။**

**ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး (တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ပေးပို့လာသော ရွေးကောက်ပွဲနည်းဥပဒေများ ကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအနက်မှ နည်းဥပဒေ ၅၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေ ၃၉(က)(၂)တို့ကိုလည်း အထက်မှာ တင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ချက်အတိုင်း ပြင်ဆင်လိုကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၄၃။**

**ဗိုလ်ကြီးဒေါ်သဇင်လှိုင် (တပ်မတော်သားကိုယ်စားလှယ်)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်မကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများမှာ နည်းဥပဒေ ၅၁(ခ)(၆)၊ နည်းဥပေဒ ၅၆(က)(၄)နှင့် နည်းဥပဒေ ၆၀(က)(၁) တို့ကိုလည်း ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများမှာ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်အတိုင်း ပြင်ဆင်လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၂:၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်

ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၄၄။**

**ဗိုလ်မှူးကြီးသန်းနိုင်ဝင်း (တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများမှ နည်းဥပဒေ ၅၁(ခ)(၆)၊ နည်းဥပဒေ ၅၆(က)(၄)နှင့် နည်းဥပဒေ ၆၀(က)(၁) တို့ကိုလည်း ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် ဆွေးနွေးထားသော ပြင်ဆင်ချက်အတိုင်း ပြင်ဆင်လိုပါတယ်။ ဆန္ဒမဲပေးရာတွင် လွယ်ကူအဆင်ပြေခြင်းကို (က) မဲလက်မှတ်သည် မည်မျှ ခက်ခဲရှုပ်ထွေးသည်၊ (ခ) မဲဆန္ဒရှင်များ မဲရုံသို့ လာရောက်ရန် မည်မျှလွယ်ကူသည်၊ မဲဆန္ဒရှင် စာရင်းသည် မည်မျှမှန်ကန်တိကျသည်၊ မိမိပေးသောမဲလက်မှတ်၏ လျှို့ဝှက်လုံခြုံမှုအပေါ်တွင် မဲဆန္ဒရှင်များအနေဖြင့် မည်မျှထိ စိတ်ချယုံကြည်မှုရှိသည်တို့ဖြင့် ဆုံးဖြတ်ကြကြောင်း သိရှိရသဖြင့် မဲပေးရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် ရည်ရွယ်၍ ပြင်ဆင်ခြင်း၊ ဖြည့်စွက်လိုခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၄၅။**

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း (တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေ ၃၉(က)(၂) ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ အထက်ပါ နည်းဥပဒေ ၃၉(က)(၂)တွင် ပြင်ဆင်ဖြည့်စွက်လိုသည်မှာ မဲရုံနေရာကို ထိုတပ်ရင်းတပ်ဖွဲ့၏ ပြင်ပသင့်လျော်သည့်နေရာတွင် သတ်မှတ်ပေးရမည်ဟူသော စကားရပ်အစား လုံခြုံရေးအရ တပ်တွင်း၊ တပ်ပြင် သင့်လျော်သောနေရာကို

တပ်မှူးနှင့် ညှိနှိုင်းသတ်မှတ်ပေးရမည်လို့ ဖြည့်စွက်ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများသည် နယ်မြေလုံခြုံရေး၊ တပ်ရင်းဌာနချုပ် လုံခြုံရေးတာဝန်များကို (၂၄)နာရီပတ်လုံး ထိန်းသိမ်းစောင့်ရှောက် တာဝန်ယူကြရပါတယ်။ အချို့နယ်မြေများမှာ အိမ်ထောင်စုဝင်များပင် အဆိုပါတာဝန်ကို ခင်ပွန်းနှင့်အတူ လက်တွဲကာ ထမ်းဆောင်ကြရပါတယ်။ ရွေးကောက်ပွဲပြုလုပ်မည့်နေ့ရက်တွင် ဆန္ဒမဲပေးရန် တပ်ပြင်ပ ရပ်ကွက်/ကျေးရွာ အတွင်းရှိ မဲဆန္ဒရှင်များနှင့်အတူ ဆန္ဒမဲပေးရမည်ဆိုပါက ထိုတပ်ရင်းတပ်ဖွဲ့ရှိ စစ်သည်မိသားစုဝင်များ အားလုံး တပ်ရင်းတပ်ဖွဲ့ကို တံခါးပိတ်သော့ခတ်ကာ စွန့်ခွာထွက်သွားလို့ မရပါဘူး။ လုံလောက်တဲ့ အစောင့်အရှောက်ထားရှိပြီးတော့မှ ဌာနချုပ်လုံခြုံရေး၊ ကျန်မိသားစုဝင်များ လုံခြုံရေးကို စနစ်တကျ ထားရှိဆောင်ရွက်ကြရပါတယ်။ ဆန္ဒမဲပေးရန် သတ်မှတ်ထားတဲ့ အချိန်အတွင်းနဲ့ နေရာသို့ အချိန်မီ ရောက်ရှိရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေး အပြည့်အဝရရှိရန် စီမံမှုအခက်အခဲများ ဖြစ်ပေါ်စေနိုင်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အဓိကတာဝန်ကတော့ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ပေးရန်နှင့် လွှတ်တော်ရွေးကောက်ပွဲများတွင် ကြီးကြပ်စေခြင်းတို့ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ တပ်မတော်သားများနှင့် အိမ်ထောင်စုဝင် မိသားစုများအတွက် မဲရုံသတ်မှတ်တဲ့အခါမှာ တပ်ရင်းတပ်ဖွဲ့ရဲ့ ပြင်ပနေရာမှာ သတ်မှတ်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ တရားမျှတမှုအခွင့်အရေးကို ထိပါးစေပါတယ်။ တပ်မတော်သားများနဲ့ ယင်းတို့နှင့်အတူနေ မိသားစုများရဲ့ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးကို ထိခိုက်စေနိုင်ပါတယ်။ လူပုဂ္ဂိုလ်လုံခြုံရေး၊ ပစ္စည်းလုံခြုံရေးကို ထိခိုက်စေနိုင်ပါတယ်။ အထက်ပါ အကြောင်းကြောင်းကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပါ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးဆိုတဲ့ ဥပဒေပြဋ္ဌာန်းချက်၊ ရည်ရွယ်ချက်နှင့် ဆန့်ကျင်သွေဖည်နေတာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားမိသားစုများမှ မွေးဖွားလာတဲ့ တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(က)အရ တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနဲ့ တရားမျှတမှု အခွင့်အရေးများကို ခံစားခွင့်ရှိကြတဲ့ နိုင်ငံသားများ ဖြစ်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇(စ)တွင် ဥပဒေတစ်ရပ်က အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မျှတမှု ရှိရမည်ဟု ပြဋ္ဌာန်းထားပါတယ်ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတစ်ဦးရရှိတဲ့ တရားမျှတမှုအခွင့်အရေး ထိခိုက်စေခြင်းနဲ့ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိလျက်နဲ့ ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးစေနိုင်ခြင်းတို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ပြင်ဆင်ချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်

လည်းကောင်း၊ တရားမျှတသော ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးရန်ဟူသော သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များဖြစ်သည့် နည်းဥပဒေ ၅၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေ ၃၉(က)(၂) ပါ ပြင်ဆင်ချက်များသည် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေ ၂၉(က)အရ နည်းဥပဒေများသည် လုပ်ပိုင်ခွင့် အပ်နှင်းထားသော ဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွန်ဆန့်ကျင်၍မရဟူ၍ ပြဋ္ဌာန်းထားပါတယ် ခင်ဗျား။ အလားတူပင် နည်းဥပဒေ ၁၁ မှာ နည်းဥပဒေ ၁၆၊ နည်းဥပဒေ ၁၇၊ နည်းဥပဒေ ၁၈ တို့အရ စိစစ်တဲ့အခါမှာ အောက်ပါအချက်များနှင့် ငြိစွန်းနေတာကို တွေ့ရှိရပါတယ်။ ပြင်ဆင်ချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် နိုင်မှုမရှိခြင်း၊ ဥပဒေပြဋ္ဌာန်းချက်များသည် လက်တွေ့ အကောင်အထည် ဖော်ရာမှာဆောင်ရွက်နိုင်မှု မရှိခြင်း၊ နိုင်ငံတော်ရဲ့ ပကတိအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိ ခြင်း၊ နိုင်ငံသားများရဲ့ လုံခြုံရေး၊ ပစ္စည်းလုံခြုံရေးကို ထိခိုက်စေပါတယ်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုဖြစ်စေ၊ ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခုဖြစ်စေ ယင်းအဖွဲ့အစည်းများ အကြားတွင် လုပ်ပိုင်ခွင့်များ၊ စီမံမှုများ၊ ရောထွေးစေနိုင်တဲ့ အခက်အခဲ ဖြစ်စေနိုင်တဲ့ဖော်ပြချက်များ ပါဝင်နေကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆင့်ခံဥပဒေပြုခွင့်ကို အလွဲသုံးစားမှုမပြုစေရန်အတွက် ဥပဒေ ရေးဆွဲတဲ့အခါမှာ မည်သည့်လူတန်းစား သို့မဟုတ် လူ့အဖွဲ့အစည်းရဲ့ အခွင့်အရေး သို့မဟုတ် အကျိုး စီးပွားကို ထိခိုက်စေနိုင်ကြောင်း ထည့်သွင်းစဉ်းစားရပါတယ်။ တစ်ဆင့်ခံဥပဒေပြုခွင့်ကို အပ်နှင်းခံ ရတဲ့ အာဏာပိုင်က ယင်းလူတန်းစား သို့မဟုတ် လူ့အဖွဲ့အစည်းနဲ့ ညှိနှိုင်းဆောင်ရွက်ရမှာဖြစ် ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဆေးရွက်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁(ခ)မှာဆိုရင် ဤဥပဒေ ထုတ်ပြန်ပြီးနောက် တစ်နှစ် ပြည့်မြောက်တဲ့နေ့မှ စတင်ပြီး အာဏာတည်ရမယ်လို့ ဆေးလိပ်ခုံပိုင်ရှင်များနဲ့ ဆေးလိပ်ဖြန့်ချိမှု လုပ်ငန်းများ ပြင်ဆင်ချိန်ရရှိနိုင်ရန်အတွက် မူလဥပဒေရဲ့ ရည်ရွယ်ချက်ကို ထိခိုက် စေခြင်းမရှိဘဲ နိုင်ငံသားများရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ညီညွတ်စေရန် ပြဋ္ဌာန်းထား တာကိုလည်း ဥပမာအားဖြင့် စစ်ဆေးတွေ့ရှိရပါတယ်။။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆင့်ခံဥပဒေ သို့မဟုတ် နည်းဥပဒေများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မညီညွတ်ပါက ပျက်ပြယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ထပ်မံတင်ပြရန် မရှိပါခင်ဗျား။

**အချိန်၊ ၁၂:၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၅၀။**

**ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး (တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်တဲ့ နည်းဥပဒေများအနက်မှ နည်းဥပဒေ ၁၀၊ နည်းဥပဒေ ၃၉(က)(၂) တို့ကိုလည်း ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ချက်အတိုင်း ပြင်ဆင်လိုကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၅၁။**

**ဗိုလ်ကြီးဒေါ်သဇင်လှိုင် (တပ်မတော်သားကိုယ်စားလှယ်)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်မကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သဇင်လှိုင် ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ များကို ပဉ္စမအကြိမ်ပြင်ဆင်တဲ့ နည်းဥပဒေများမှာ နည်းဥပဒေ ၅၁(ခ)(၆)၊ နည်းဥပဒေ ၅၆(က)(၄)နှင့် နည်းဥပဒေ ၆၀(က)(၁)တို့ကိုလည်း ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများမှ ဆွေးနွေးထားတဲ့ ပြင်ဆင်ချက်အတိုင်းပဲ ပြင်ဆင်လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဦးမောင်မောင်အုန်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ မြန်မာနိုင်ငံတွင် နှစ်စဉ် ခတ်ဆီ တန်ချိန်(၂)သန်းကျော်ကို ပြည်ပမှတင်သွင်းခဲ့ရာ ယင်းခတ်ဆီနှင့် ရောသုံးသည့် အီသနော လောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံ ကာထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝခတ်ငွေ့၊ ဇီဝမြေ ဩဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ(Trade deficit)ကို လျော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်အထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော အီသနော (ခေါ်) ရေမဲ့အရက်ကို သင့်တော်မည့်ရာခိုင်နှုန်း အချိုးအဆအားခတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံး စီစဉ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၂:၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် နှစ်စဉ်ခတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှ တင်သွင်းခဲ့ရာ ယင်းခတ်ဆီနှင့် ရောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝခတ်ငွေ့၊ ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit)ကို လျော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်အထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ဖြစ်သော အီသနော (ခေါ်) ရေမဲ့အရက်ကို သင့်တော်မည့်ရာခိုင်နှုန်း အချိုးအဆအား ခတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံး စီစဉ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၇)ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂:၅၃။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ရောဝတီတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း တင်သွင်းတဲ့ အီသနော (ခေါ်) ရေမဲ့အရက်ကို ပြည်တွင်း သုံးဓာတ်ဆီများမှာ ရောနှောအသုံးပြုနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့် (Mandate) ပေးရန် တိုက်တွန်းတဲ့ အဆိုကို ကျွန်တော်က အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

Power Point အသုံးပြု တင်ပြခွင့်ပြုပါခင်ဗျား။ Bio Fuel တစ်မျိုးဖြစ်တဲ့ အီသနော လောင်စာဆီကို ပြည်တွင်းမှာ ကောင်းစွာဖြစ်ထွန်းစိုက်ပျိုးနိုင်တဲ့ ပြောင်း၊ ဆန်၊ ကြံ၊ ပီလောပီနံ တို့ကနေ အလွယ်တကူ ထုတ်ယူနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြံကနေ အီသနောထုတ်ယူခြင်း အကြောင်းကို အဓိကထား ဆွေးနွေးသွားပါမယ်။ ကြံကို အထူးပြုရွေးချယ်တင်ပြရခြင်း အကြောင်း ကတော့ ကြံကနေ Main Product ဖြစ်တဲ့ သကြားကို ပင်မအနေနဲ့ ထုတ်လုပ်နိုင်ပြီး By–Product ဘေးထွက်ပစ္စည်းဖြစ်တဲ့ စက်ကျရည် (ခေါ်) တင်လဲရည်ကနေ အီသနောကို ထုတ်လုပ်နိုင်ခြင်း ကြောင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းမှာ လောင်စာဆီအရောအနေနဲ့ အီသနောကို တွင်တွင်ကျယ်ကျယ် အသုံးပြုသွားနိုင်မယ်ဆိုရင် ပြည်တွင်းရှိ သကြားစက်ရုံတွေဟာ သကြား တစ်မျိုးတည်းအပေါ်မှာ မှီခိုအားထားနေရတာကနေ စက်ကျရည်မှ အီသနောကို ထုတ်ယူရောင်းချပြီး အပိုဝင်ငွေ ရရှိလာမှာမို့လို့ Local Sugar Industry Cycle ထဲမှာ ဆက်နွှယ် နေတဲ့ ကြံစိုက်တောင်သူများ၊ ကြံခုတ်ကြံသယ်လုပ်သားများ၊ စက်ရုံလုပ်သားများရဲ့ ဘဝတွေ ကိုလည်း များစွာ အထောက်အပံ့ရစေမှာ ဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှု GDP တိုးမြင့်လာပြီး အလုပ်အကိုင်အခွင့်အလမ်းလည်း များစွာပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဓာတ်ဆီ တန်ချိန်(၂)သန်းခန့်ကို နှစ်စဉ် ပြည်ပမှ တင်သွင်းနေရပါတယ်။ E5 လို့ခေါ်တဲ့ ပြည်တွင်းထုတ် အီသနောဆီ (၅)ရာခိုင်နှုန်းကို စပြီး ရောနှောအသုံးပြုနိုင်မယ်ဆိုရင်တောင် ဓာတ်ဆီတန်ချိန် (၁)သိန်းခန့် ပြည်ပမှ တင်သွင်းမှု လျော့နည်းသက်သာသွားစေမှာ ဖြစ်ပါတယ်။ နိုင်ငံခြားငွေကို ချွေတာစေသလို ကုန်သွယ်မှု လိုငွေပြမှုကိုလည်း လျော့ကျသွားစေမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အီသနောကို ပြည်တွင်းမှာ တစ်နှစ်ပတ်လုံး ထွက်ရှိတဲ့ အသီး၊ အနှံ၊ အစေ့၊ အပင်များကနေ ထုတ်ယူရတာဖြစ်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်း များ ပိုမိုဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ကျေးလက်နေ တောင်သူများအတွက်လည်း စိတ်ချခိုင်မာတဲ့ သီးနှံ ဈေးကွက်ရရှိနိုင်မှာဖြစ်သလို လူမှုစီးပွားအခြေအနေတွေကိုလည်း တိုးတက်မြင့်မားလာစေမှာ ဖြစ်ပါ တယ်။ ကြံတစ်မျိုးတည်းပင်လျှင် ကြံစိုက်တောင်သူ (၅)သိန်းခန့်ရှိပါတယ်။ ကြံကနေ အီသနော ထုတ်လုပ်မှုမှာ နောက်ထပ်အားသာချက်တစ်ခုကတော့ ကြံကို ကြိတ်ဝါးပြီးလို့ ထွက်ရှိ လာတဲ့ ဘေးထွက်ပစ္စည်း ကြံကြိတ်ဖတ်များကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း ဖြစ်ပါ တယ်။ ပင်ရင်းသကြားစက်ရုံ လည်ပတ်ဖို့အတွက် လုံလောက်တဲ့အပြင် ပိုလျှံတဲ့ ဓာတ်အားကို စီးပွားဖြစ် ပြန်ရောင်းချလို့ရပါတယ်။ ကြံတစ်တန်ရဲ့ (၂၆)ရာခိုင်နှုန်းဟာ ကြံဖတ်အဖြစ် ထွက်ရှိပါ

တယ်။ ကြံဖတ်တစ်တန်လျှင် လျှပ်စစ်ယူနစ် (၅၄၀) ထုတ်ယူရရှိနိုင်ပါတယ်။ နှစ်စဉ် ကြံတန်ချိန် (၁၂)သိန်းခန့် ကြိတ်ဝါးနိုင်တဲ့ သကြားစက်ရုံတစ်ရုံဟာ လျှပ်စစ်ဓာတ်အားယူနစ်ပေါင်း (၇၂)သန်းခန့် ထွက်ရှိနိုင်ပါတယ်။ ဘီလီယံနှင့်ချီပြီး အပိုဝင်ငွေရရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းက ဓာတ်အား ဝယ်ယူရေးမူဝါဒနဲ့ ဝယ်ယူမည့်ဈေးနှုန်းတို့ကို ညှိနှိုင်းသတ်မှတ် ပြဋ္ဌာန်းပေးရန်နဲ့ National Grid ထဲကို ပို့လွှတ်နိုင်မယ့် အစီအမံတွေကို ပံ့ပိုးကူညီပေးရမှာဖြစ်ပါတယ်။ နိုင်ငံနဲ့ နိုင်ငံသားတို့ရဲ့ Sustainable & Development ဖြစ်စဉ်အတွက် ထိန်းကျောင်းကြပ်မတ်ပေးနိုင်တဲ့ အစီအမံများနဲ့ ထောက်ပံ့ကူညီပေးရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ အီသနောလောင်စာ အသုံးပြုနိုင်ရန်အတွက် လွယ်ကူရှင်းလင်းတဲ့ မူဝါဒ ချမှတ်ပေးရမှာဖြစ်ပါတယ်။ ဒါ ဖိလစ်ပိုင်နိုင်ငံက ချမှတ်တဲ့ အီသနောဆိုင်ရာ မူဝါဒဖြစ်ပါတယ်။ အီသနောလောင်စာဆီ အသုံးပြုမှုရာခိုင်နှုန်းကို တစ်ဆင့်ခြင်း တိုးမြှင့်သုံးစွဲနိုင်ဖို့အတွက် ရေတိုရေရှည်အစီအမံများကိုလည်း ခိုင်ခိုင်မာမာ သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ဒါ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ရဲ့ အီသနောကို နှစ်အလိုက် ရာခိုင်နှုန်းတိုးမြှင့် အသုံးပြုတဲ့ အစီအမံများဖြစ်ပါတယ်။ မော်တော်ယာဉ်တွေမှာ အီသနောလောင်စာဆီ ရောနှောအသုံးပြုရင် ကာဗွန်ထုတ်လုပ်မှုကို လျှော့နည်းသက်သာသွားစေမှာ ဖြစ်ပါတယ်။ အီသနော ရောနှောအသုံးပြုနိုင်တဲ့ မော်တော်ယာဉ်ပိုင်းဆိုင်ရာကိစ္စကိုတော့ အထူးအလေးထား စီမံဆောင်ရွက်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ အီသနောလောင်စာကို တွင်တွင်ကျယ်ကျယ်ထုတ်လုပ်ဖို့ဆိုရင် ပြည်တွင်းလက်ရှိ Infrastructure များနဲ့ပဲ လွယ်ကူစွာ လုပ်ငန်း စတင်ဆောင်ရွက်နိုင်မှာဖြစ်သလို မြင့်မားတဲ့နည်းပညာ၊ ခက်ခဲတဲ့ လုပ်ငန်းစဉ်များလည်း မဟုတ်တဲ့အတွက် ပြည်တွင်းလုပ်ငန်းရှင်များအနေနဲ့ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အဆင့်မီတဲ့ အီသနောကို ထုတ်လုပ်နိုင်ဖို့ကိုတော့ အထူးသတိထား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အီသနောထုတ်လုပ်နိုင်ရန်အတွက် လိုအပ်တဲ့ စက်ပစ္စည်းများ တင်သွင်းခြင်းအတွက် သွင်းကုန်နဲ့ အခွန်ဆိုင်ရာ အထူးအခွင့်အရေးပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လုပ်သာကိုင်သာရှိအောင် သင့်တော်တဲ့ Tax Holiday Period တွေ သတ်မှတ်ခွင့်ပြုပေးခြင်းတို့ဖြင့် အခြေခိုင်ဖွံ့ဖြိုးတိုးတက်လာအောင် ပံ့ပိုးကူညီပေးသင့်ပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်း များစွာ ကျန်ရှိနေသေးတဲ့ ကျွန်တော်တို့နိုင်ငံဟာ အီသနောထုတ်လုပ်ဖို့ ကုန်ကြမ်းများဖြစ်တဲ့ ပြောင်း၊ ဆန်၊ ကြံ၊ ပီလောပီနံတို့ကို များစွာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပြီး နိုင်ငံ့စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်သလို သူနဲ့ဆက်နွှယ်နေတဲ့ မွေးမြူရေးကဏ္ဍအတွက်လည်း များစွာ အထောက်အပံ့ရစေမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေခံလူတန်းစား တောင်သူလယ်သမားများကို အကျိုးများစေမယ့် ပြည်တွင်းလုပ်ငန်းရှင်တို့ရဲ့ စီးပွားရေးကိုလည်း ခိုင်မာအားကောင်းလာစေမယ့် အီသနောဟာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တစ်ရပ်ဖြစ်သလို မြန်မာ့လေထုနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ကျ

ရေးကိုလည်း များစွာအထောက်အကူပြုမှာဖြစ်တဲ့အတွက် အီသနောကို နိုင်ငံတကာအဆင့်မီမီ ထုတ်လုပ်ပြီး သင့်တော်တဲ့ ရာခိုင်နှုန်းအချိုးအစားဖြင့် ဓာတ်ဆီမှာ ရောနှောအသုံးပြုနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရမှ အဖက်ဖက်မှ ချင့်ချိန်သုံးသပ်ပြီး စနစ်တကျ စီမံဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။


မြန်မာနိုင်ငံနှင့် အီသနောလောင်စာ ထုတ်လုပ်ခြင်း ပြပုံ (ဟ)




အကျဉ်းချုပ် ရှင်းလင်းချက် ပြပုံ (ဟ-၁)



အီသနော ထုတ်လုပ်မှုနည်းစဉ်များ ပြပုံ (ဟ-၂)




**အချိန်၊ ၁၂:၅၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၅၉။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း တင်သွင်းသည့် မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှ တင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောနှောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံကာထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit)ကို လျှော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော အီသနော (ခေါ်) ရေမဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်းအချိုးအဆအား ဓာတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်ပေးဖို့ အစိုးရကို တိုက်တွန်းတဲ့အဆို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုမှာ အဆိုရှင် တင်ပြထားတဲ့ အချက် (၃)ချက်ရှိပါတယ်။ နံပါတ် (၁)ကတော့ အလုပ်အကိုင်အခွင့်အလမ်း ရရှိမည် ဆိုသည့်အချက် ပါ ပါတယ်။ ယင်းစီမံကိန်းကို တစ်နှစ်ခွဲခန့်အတွင်း အကောင်အထည်ဖော်နိုင်ကာ ပြောင်းစိုက် တောင်သူများအတွက် စိုက်ပျိုးမြေဧက (၂)သိန်းခန့်၊ အမြဲတမ်းဝန်ထမ်း(၄၀၀)၊ နေ့စားဝန်ထမ်း(၈၀၀)၊ သွယ်ဝိုက်ဝန်ထမ်း(၂၀၀၀)၊ စုစုပေါင်း အလုပ်အကိုင်အခွင့်အလမ်း (၃၀၀၀)ကျော်ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်လို့ ဆိုထား

ပါတယ်။ ဒုတိယအချက်အနေနဲ့ သွင်းကုန်ပမာဏ လျှော့ချနိုင်မည်ဖြစ်သည်ဟု ဆိုထားပါတယ်။ အထူးသဖြင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သော DDGS– Distillers Dried Grain Soluble ပေါင်းခံရည်ထုတ်ပြီး ပျော်ဝင်ပစ္စည်းခြောက်များဟာ ၂၀၁၈ ခုနှစ်မှာတော့ တိရစ္ဆာန်အစာအဖြစ် တန်ချိန်(၄၄၇၉၂၇.၆၃၃) တန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း(၁၆၆.၄၉၀) ဖြစ်ပါတယ်။ ဤစီမံကိန်း အကောင် အထည်ဖော်နိုင်ပါက ထိုငွေပမာဏကို သွင်းကုန်အတွက် အသုံးပြုရန် မလိုတော့ပါဘူး။

တတိယအနေနဲ့ အီသနောကို အသုံးပြုခြင်းဖြင့် သာမန်ဓာတ်ဆီထက် ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လုပ်မှုနည်းသလို အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ပေါင်းစပ်မှု လွယ်ကူစေသဖြင့် ကာဗွန်နိုနောက်ဆိုဒ်ဓာတ်ငွေ့ ထွက်ရှိမှုလည်းနည်းစေပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် သဘာဝအရင်းအမြစ်မှ ထုတ်လုပ်ခြင်းမို့ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်သည်ဟု ဆိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အီသနောအရော လောင်စာဆီကို Brazil, United State, Europe တို့တွင် ကျယ်ပြန့်စွာ အသုံးပြုနေကြောင်း တွေ့ရှိရပါတယ်။ အမေရိကန်မှ လမ်းပေါ်ရှိကားများ တော်တော်များများဟာ လောင်စာအရောအနှောဆီ အီသနော (၁၀)% ပါဝင်သည့် လောင်စာဆီကို အသုံးပြုနေသည်မှာ ၂၀၁၁ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ အီသနောရဲ့ အားနည်းချက်မှာ ဓာတ်ဆီသက်သက်ထက် အသွားနှုန်း (၂)မိုင် (၃)မိုင်ခန့် လျော့သွားနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဤနည်းကို မြန်မာနိုင်ငံမှာ တစ်ခါမှသုံးရန် မစဉ်းစားမိသည်တော့ မဟုတ်ပါဘူး။ အီသနောလောင်စာဆီ ထုတ်ယူရန် ၂၀၀၂ ခုနှစ်မှ စတင်ကာ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် စက်ရုံ (၃)ရုံ စမ်းသပ်တည်ဆောက် လည်ပတ်ထုတ်လုပ်ခဲ့ဖူးသော်လည်း စီးပွားရေး အရ တွက်ခြေမကိုက်သဖြင့် အရှုံးပေါ်ခြင်းတို့ကြောင့် မအောင်မြင်ဘဲ ရပ်နားထားရ ပါတယ်။ ၎င်းတို့မှာ ပုဂ္ဂလိကပိုင်စက်ရုံ (၂)ရုံနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင် စက်ရုံတို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မအောင်မြင်ရသည့်အကြောင်းအရင်းများမှာ (၁) နိုင်ငံတော်အစိုးရမှ လုပ်ကိုင်ခွင့် ချမပေးခြင်း၊ (၂) စနစ်တကျစီမံခန့်ခွဲနိုင်မှု မရှိခြင်း၊ (၃) ပြည်သူများစိတ်ဝင်စားမှုမရှိ၍ သုံးစွဲသူနည်းကာ ရောင်းချနိုင်မှုမရှိခြင်း၊ (၄) အခြားသုံးစွဲမှုမှာ သဘော်သဆေးအဖြစ်သာ အနည်း ငယ်သုံး၍ လောင်စာဆီအဖြစ် ဓာတ်ဆီနှင့် မရောနှောသဖြင့် အငွေ့ပျံမှုကြောင့် ဆုံးရှုံးခြင်း၊ (၅) ဘေးထွက်ပစ္စည်းများနှင့် ဆက်စပ်လုပ်ငန်းများကို Supply Chain အဖြစ် စီမံခန့်ခွဲနိုင်မှုမရှိခြင်းတို့ ကြောင့် မအောင်မြင်ခဲ့ပါဟု ဆိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အထက်ပါ အားနည်းချက်များကို ယခုအခါမှာ လက်တွေ့ကျကျ အမှန်တကယ်ကုစားဖို့ နည်းလမ်းရှာဖို့ အချိန်များစွာ လိုအပ်နေ သေးကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့်မို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃:၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၀၃။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ရဲ့ အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ အဆိုရှင်က မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှ တင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံ၍ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများ DDGS လို အဆင့်မြင့်တိရစ္ဆာန်အစာခြောက်များကို အီသနောထုတ်သည့်လုပ်ငန်းမှ ထွက်ပေါ်လာသည်ဟု သိရပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးရှင်။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ရှင်။ ပထမဦးဆုံးအနေနဲ့ ဒီအဆိုဟာ လက်ရှိအစိုးရရဲ့ စီးပွားရေးမူဝါဒ (၁၂)ချက်မှ နံပါတ်(၆) ရည်ညွှန်းချက်နှင့် ထပ်တူကျနေပါတယ်။

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ပန်းတိုင်စီမံကိန်းကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ဆောင်ခဲ့ပြီး ယခုအခါမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းပန်းတိုင် SDG Sustainable Development Goal ကို မြန်မာနိုင်ငံအနေနဲ့ မြန်မာ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ရေး (MSDG – Myanmar Sustainable Development Goal) ဖြင့် ပါဝင်ရာမှာ နံပါတ်(၁) ဆင်းရဲခြင်း ကင်းစင်ရေး၊ နံပါတ်(၂) ငတ်မွတ်ခေါင်းပါးမှု ကင်းစင်ရေး၊ နံပါတ်(၇) သဘာဝပတ်ဝန်း ကျင်အတွက် အဆင်ပြေကာ သန့်စင်သောစွမ်းအင်ရရှိရေး စတဲ့ အချက်တွေနဲ့လည်း တစ်ထပ်တည်း ကိုက်ညီနေတာကိုတွေ့ရပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မကွေးတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံ အလယ်ပိုင်းမှာ ကျရောက်နေပြီးတော့ ဧရိယာ စတုန်ရန်းမိုင် (၁၇၃၀၅.၆၂)ကျယ်ဝန်းကာ ဧရာဝတီမြစ်ဟာ အလယ်ဗဟိုမှဖြတ်ကာ ရေမိုင်(၂၁၄)မိုင်ခန့် မြောက်မှ တောင်သို့ ရှည်လျားစွာ စီးဆင်းနေတာကို တွေ့ရှိရပါတယ်ရှင်။ ဧရာဝတီမြစ်ထဲကို မကွေးတိုင်းဒေသကြီးမှ စီးဝင်တဲ့ချောင်းတွေဟာဆို မထုံချောင်း၊ မုန်းချောင်း၊ မန်းချောင်း၊ ပနီချောင်း၊

ယောချောင်း စတဲ့ ချောင်းတွေ ရှိပြီးတော့ ချောင်းရဲ့ နံဘေး ဝဲယာမှာ ရောဝတီမြစ်ကဲ့သို့ ဘေးမှာ စိုက်ပျိုးသီးနှံများ စိုက်တဲ့အခါမှာ ရေသွင်းပြောင်း အဖြစ်နဲ့ရော၊ မိုးရာသီပြောင်း အဖြစ်နဲ့ရော စိုက်ပျိုးဖြစ်ထွန်းတာ တွေ့ရပါတယ်။

အီသနောကို အရက်ချက်စက်ရုံမှာထုတ်လုပ်တဲ့ ပေါင်းခံပြွန် တပ်ဆင်ရုံဖြင့် အလွယ်တကူ ထုတ်လုပ်နိုင်သဖြင့် ကုန်ကျစရိတ်လည်း သက်သာပါတယ်။ ကျွန်မတို့ မကွေးတိုင်းဒေသကြီးနဲ့ ကပ်လျက်ရှိတဲ့ ပဲခူးတိုင်းဒေသကြီးမှာ အရက်ချက်စက်ရုံ များစွာရှိတဲ့အတွက် သယ်ယူစရိတ် လည်း သက်သာပါတယ်ရှင်။ ထို့အပြင် စီမံကိန်းကို တစ်နိုင်ငံလုံး စိုက်ပျိုးမယ်ဆိုပါက တိုင်းပြည် အတွက် စီးပွားလည်းဖြစ် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရကာ ပြည်ပမှ ဓာတ်ဆီ တင်သွင်းမှုကို လည်း လျော့ကျစေမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာ အစေ့ထုတ်ပြောင်း တန်ချိန် (၁၁၂၅၅၂) ထွက်ရှိပြီးတော့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ သရက်ခရိုင်အတွင်းမှာ မိုးပြောင်းဧက (၂၀၀၀၀)ကျော်၊ ဆောင်းမှာဆိုရင် (၁၀၀၀၀)ကျော် စိုက်ပျိုးတာကိုလည်း တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၀၂ ခုနှစ်က အီသနောလောင်စာစက်ရုံ (၃)ရုံ တည်ရှိခဲ့သော်လည်း ရပ်နားခဲ့ရတဲ့အကြောင်းတွေ ရှေ့ကကိုယ်စားလှယ်ကြီးတွေလည်း ပြောကြားသွားခြင်းရှိပါပြီ။ ကျွန်မတို့ မကွေးတိုင်းဒေသကြီးဟာ ခြောက်သွေ့တဲ့ရာသီဒေသဖြစ်တဲ့အတွက် မွေးမြူရေးဟာ အဓိက အောင်မြင်နေပါတယ်။ အီသနောထုတ်လုပ်ရာမှာ ဘေးထွက်ပစ္စည်းဖြစ်တဲ့ တိရစ္ဆာန်အစာ DDGS ဟာ ပြည်တွင်းမှာထုတ်တာမို့ ဈေးသက်သာမှာ အသေအချာဖြစ်ပါတယ်။ အီတလီအစိုးရရဲ့ ထောက်ခံမှုနဲ့ မကွေးမြို့နယ်အတွင်းက ကျေးရွာ(၁၅)ရွာမှာ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေး လုပ်ငန်းဟာ အထက်ပါ DDGS လို အစာမျိုးနဲ့သာ မွေးမြူမယ်ဆိုရင် အသားလည်းတိုး ကျန်းမာရေး နဲ့လည်း ညီညွတ်ပြီးအကျိုးရှိမှာဖြစ်ပါတယ်။

ထို့အပြင် ပွင့်ဖြူမြို့နယ်မှာလည်း အသားထုတ်လုပ်ခြင်းနဲ့ သိုးမွေးမြူရေးလုပ်ငန်းတွေကို တစ်ပိုင်တစ်နိုင်မွေးမြူတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် မကွေးတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံမှာ သိုး၊ ဆိတ် အများဆုံးမွေးမြူကာ (၁၂)သိန်းကျော်အထိ ရှိနေပါတယ်။ ပြည်ပကိုပါ တရားဝင် တင်ပို့ ခွင့်ပြုနေပါတယ်။ မွေးမြူရေးသမားများဘက်ကလည်း လိုအပ်တဲ့ မှတ်ပုံတင်ခြင်း၊ တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းတို့နဲ့ အခုလို အစာကောင်းကောင်းနဲ့ စနစ်တကျ မွေးမြူမယ်ဆိုရင် အဆင်ပြေပြီး နိုင်ငံရဲ့ဝင်ငွေလည်း တိုးတက်မှာ အသေအချာဖြစ်ပါတယ်။ လေးစား ရပါသော ဥက္ကဋ္ဌကြီးရှင်။ အမေရိကန်ဟာ ကမ္ဘာ့အကြီးဆုံးလောင်စာဆီ အီသနောနှင့် ပြောင်းထုတ် လုပ်သူဖြစ်၍ အမေရိကန်မှာ အီသနောအများစုကို ပြောင်းမှထုတ်လုပ်ကြောင်းလည်း သိရပါတယ်။ အီသနော ထုတ်လုပ်တိုးတက်လာခြင်းကြောင့် စက်မှုလုပ်ငန်းမှာ DDGS လို့ခေါ်တဲ့ အဆင့်မြင့် တိရစ္ဆာန်အစာခြောက်များမှာ အီသနော ထုတ်လုပ်သည့်လုပ်ငန်းမှ ထွက်ပေါ်လာတဲ့ ရလဒ်များကို လည်း သိပြီးဖြစ်ပါတယ်။

ကျွန်မတို့ မကွေးတိုင်းဒေသကြီးမှာ မျိုးကောင်းမျိုးသန့် နွားများကို တိုးပွားစေဖို့အတွက် ဆောင်ရွက်နေတဲ့ ပရိုတင်းကြွယ်ဝတဲ့ DDGS တိရစ္ဆာန်အစာကို အားထားကာ စနစ်တကျ ကျွေးမွေးပါက ဖြစ်ထွန်းအောင်မြင်မှာ သေချာပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကူညီထောက်ပံ့မှုနဲ့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို ပြန်လည်ဖြည့်တင်းရန်အတွက် မေထုန်သားစပ်နည်းသင်တန်း၊ ကာကွယ်ဆေးထိုးခြင်းသင်တန်း စတဲ့ သင်တန်း (၉)မျိုးကို နှစ်စဉ် (၂၅)မြို့နယ်မှာ အလှည့်ကျဖွင့်လှစ်ပေးကာ မွေးမြူရေးကဏ္ဍတိုးတက်နေဖို့လည်း ဆောင်ရွက်နေပါတယ်ရှင်။ Power Point ပိတ်လို့ရပါပြီ။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အီသနောလောင်စာကို ကမ္ဘာတစ်ဝှမ်းမှာ ထုတ်လုပ်ကာ ဓာတ်ဆီနဲ့ အီသနော(၂၀)၊ ဓာတ်ဆီ(၈၀) စတဲ့ အချိုးအမျိုးမျိုးနဲ့ ရောနှောသုံးစွဲနေကြပါတယ်။ ရေနဲ့ ဓာတ်ပြုနိုင်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ ကာဗွန်မိုနောက်ဆိုဒ် အထွက်နည်းကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဟာ ရိုးရိုးဓာတ်ဆီထက် နည်းပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်၊ ထိုင်းနိုင်ငံတွေမှာ သုံးနေတာ ဆယ်စုနှစ်ကျော် အကျိုးခံစားနေရပါပြီ။ ဒါ့ကြောင့် နှစ်စဉ်ဓာတ်ဆီတန်ချိန် (၂)သန်းကျော် တင်သွင်းနေတာကို ကျွန်မတို့ တိုင်းပြည်အတွက် အီသနောထုတ်လုပ်ကာ ဓာတ်ဆီများနဲ့ ရောနှောသုံးစွဲဖို့ အမိန့်ထုတ်ပြန်ခြင်းကို ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းထားသော ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ရဲ့ အဆိုကို လေးလေးနက်နက် အကြံပြုရင်း ဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရေရပါက စပါးတစ်လှည့် ပြောင်း၊ ဂျုံ၊ ပီလောပီနံ စိုက်ပျိုးနိုင်ခြင်းပြပုံ (၉)



မကွေးတိုင်းဒေသကြီးအတွင်း ပြောင်းစိုက်ပျိုးမှု အခြေအနေပြပုံ (ဋ-၁)




မကွေးတိုင်းဒေသကြီးအတွင်း ကြက်မွေးမြူရေးပြပုံ (ဋ-၂)



**အချိန်၊ ၁၃:၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၀၉။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း တင်သွင်းခဲ့သော အီသနောလောင်စာဆီကို ပြည်တွင်းအရက်ချက်စက်ရုံများမှ ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ချောက်၊ ရေနံချောင်း၊ မင်းဘူး စတဲ့ မကွေးတိုင်းဒေသကြီးမှာ ရေနံစိမ်းများ ထွက်ရှိပါတယ်။ ၎င်းရေနံစိမ်းများကို ယခင်က ချောက်ရေနံချက်စက်ရုံ၊ မန်းသံပုရာကန်စက်ရုံ၊ သန်လျင်ရေနံချက်စက်ရုံများမှ ချက်လုပ်ခဲ့ရာ လေယာဉ်ဆီ၊ ဓာတ်ဆီ၊ ရေနံအဖြူ၊ အဝါ၊ ဒီဇယ်ဆီ၊ ဖယောင်း၊ မီးထွန်းဆီ၊ ရေနံချေး စသည်ဖြင့် ပစ်သားမရှိ ပစ္စည်းများထွက်ရှိပါတယ်။ အဲဒီလို ရေနံစိမ်းများထွက်ရှိပေမယ့် ပြည်တွင်းရှိမော်တော်ယာဉ်များ၊ စက်ရုံများ၊ စက်မှုလက်မှုလုပ်ငန်း များအတွက် လောင်စာဆီဟာ ပြည့်စုံမှုမရှိပါဘူး။ သို့အတွက် ယခင်က နိုင်ငံခြားမှာ ရေနံစိမ်းများ မှာယူတင်သွင်းပြီးတော့ ပြည်တွင်းရေနံချက်စက်ရုံများမှ ချက်လုပ်ကာ ပြည်တွင်းသုံး လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝက ရုရှားမှ ရေနံစိမ်းများ မှာယူတင်သွင်း ချက်လုပ်ခဲ့တာကို ပြန်လည်အမှတ်ရမိနေပါတယ်။ ရုရှားရေနံစိမ်းဟာ အကောင်းဆုံး ရေနံစိမ်း မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ထဲမှာ Sulpha ဓာတ်များပါဝင်နေလို့ပဲ ဖြစ်ပါတယ်။ သို့သော် တခြားနိုင်ငံက ရေနံစိမ်းထက်စာရင် သူက ဈေးနှုန်းသက်သာမှုရှိတဲ့အတွက် ၎င်းနိုင်ငံက ရေနံစိမ်းကိုပဲ မှာယူတင်သွင်းသုံးစွဲခဲ့ခြင်း ဖြစ်ပါတယ်။

ထို့အတူ ၁၉၈၉-၁၉၉၀ ပြည့်နှစ်ခန့်က မင်းဘူး၊ သံပုရာကန်က မက်သနောလောင်စာဆီ တစ်မျိုး ထုတ်လုပ်ခဲ့ဖူးပါတယ်။ အဲဒီ မက်သနောလောင်စာဆီကို ကျွန်တော်တို့ကိုယ်တိုင်သုံးစွဲခဲ့ဖူး ပါတယ်။ အဲဒီအချိန်က ဓာတ်ဆီရှားပါးတဲ့အချိန်လည်းဖြစ်တဲ့အတွက်ကြောင့် ဓာတ်ဆီအစားထိုး လောင်စာဆီအဖြစ် ခရီးသည်တင် လိုင်းကားများကို ထုတ်ပေးပြီး သုံးစွဲစေခဲ့ပါတယ်။ ဈေးနှုန်း ချိုသာပြီး သုံးစွဲရတာ အဆင်ပြေပါတယ်။ ကာပရိုက်တာကို စက်အကူပစ္စည်းတစ်မျိုး အပိုတပ်ဆင် အသုံးပြုရတာဖြစ်ပါတယ်။ ဒါပေမဲ့ ရေရှည်မဆောင်ရွက်နိုင်ခဲ့ပါဘူး။ (၆)လကျော်ကျော်နဲ့ မက်သနော လောင်စာဆီဟာ အသုံးပြုမှုက ရပ်ဆိုင်းသွားပါတယ်။ ယခုဆိုရင် မြန်မာနိုင်ငံမှာ နှစ်စဉ် ဓာတ်ဆီ တန်ချိန် (၂)သန်းကျော် ပြည်ပမှ မှာယူတင်သွင်းနေရပါတယ်။ ထို့ကြောင့် နိုင်ငံခြားငွေများ ပြည်ပကို ပေးချေနေရပါတယ်။ ဒ့ါအပြင် ပြည်ပမှ မော်တော်ယာဉ် မှာယူတင်သွင်းမှုဟာလည်း တိုးတက် များပြားလျက်ရှိတာကြောင့် လောင်စာဆီလိုအပ်ချက်က ပိုမိုတိုးမြင့်လာပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ပမှ နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းနေရတဲ့ နိုင်ငံခြားငွေယိုပေါက်တစ်ခုကို ဘယ်လိုပိတ်ရင် ကောင်းမလဲဆိုတဲ့ အတွေး အခေါ် စဉ်းစားမှုတစ်ရပ်ပေါ်ပေါက်လာပါတယ်။ နိုင်ငံအတွင်းက အရက်ချက် စက်ရုံများမှ ထွက်ရှိတဲ့ အီသိုင်းအယ်လကိုဟောကို အီသနောလောင်စာဆီအဖြစ် ဓာတ်ဆီနဲ့ ရောစပ် သုံးစွဲလို့ရတာကို တွေ့ရှိပါတယ်။ အီသနောလောင်စာဆီဟာ အရက်အမျိုးအစားဖြစ်ပြီး အရောင် အဆင်းမရှိ၊ အငွေ့ပျံကာ မီးလောင်လွယ်တဲ့ ပစ္စည်းတစ်ခုဖြစ်ပါတယ်။ အီသနောလောင်စာဆီကို ပြောင်း၊ ဆန်တို့မှလည်းကောင်း၊ သကြားကို ကစော်ဖောက်ခြင်းဖြင့်လည်းကောင်း ချက်လုပ်ရရှိ နိုင်မှာ ဖြစ်ပါတယ်။ အီသနောလောင်စာဆီဟာ မော်တော်ကားများတွင် အသုံးပြုနိုင်သော ဇီဝ

လောင်စာဆီဖြစ်ကာ Bio Fuel လို့ခေါ်ဆိုပြီး ဖြည့်စွက်လောင်စာဆီအဖြစ် ဓာတ်ဆီမှာ ရောနှော သုံးစွဲပါတယ်။

ကမ္ဘာပေါ်မှာ ပထမဆုံး အီသနောလောင်စာဆီနဲ့ မောင်းနှင်တဲ့ကားဟာ ဖီးယက် ကုမ္ပဏီက ထုတ်လုပ်တဲ့ ဖီးယက်(၁၄၇)ကားဖြစ်ပြီး ၁၉၇၈ ခုနှစ်က ဘရာဇီးနိုင်ငံမှာ ဖီးယက် ကုမ္ပဏီမှ စတင်သုံးစွဲခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ Brazil နိုင်ငံတို့ဟာ အီသနောလောင်စာ ဆီထုတ်လုပ်မှုမှာ ထိပ်ဆုံးနိုင်ငံများ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းမှာ ထုတ်လုပ်တဲ့ မော်တော် ကားများကို အင်ဂျင်အစိတ်အပိုင်း ပြုပြင်ပြောင်းလဲရန်မလိုဘဲ အသေးစားစက်အကူပစ္စည်း တပ်ဆင် ပြီး အီသနောဆီနှင့် မောင်းနှင်အသုံးပြုနိုင်ရန် ကမ္ဘာ့အဝှမ်း ကားထုတ်လုပ်သူများမှ ပြုပြင် ထုတ်လုပ်ထားကြပါတယ်။ ၎င်းကားများကို FFV ခေါ် Flex Fuel Vih ပြုပြင်ပြောင်းသုံးနိုင်တဲ့ ကား များလို့ခေါ်ပြီး ဆီတစ်မျိုးထက်မက မောင်းနှင်သုံးစွဲနိုင်ပါတယ်။ ရိုးရိုး ဓာတ်ဆီနဲ့ အီသနောဆီတို့ ရောသုံးခြင်းဟာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ကားတိုင်းမှာ အီသနော (၂၀)ရာခိုင်နှုန်းနဲ့ ဓာတ်ဆီ (၈၀)ရာခိုင်နှုန်း ရောစပ်ပြီးသုံးစွဲခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ မတ်လက ကမ္ဘာ့အီသနော FFV ကားဈေးကွက်မှာ ကားအစီးရေ သန်း(၆၀)ကျော် ကားများ၊ မော်တော်ဆိုင်ကယ်များ၊ အပေါ့စား ကုန်တင်ယာဉ်များ ရောင်းချခဲ့ရတယ်လို့ သိရှိရပါတယ်။

၎င်းကားဈေးကွက်တွေမှာတော့ ဘရာဇီး၊ အမေရိကန်၊ ကနေဒါနဲ့ ဥရောပ၊ ဆွေလီ တို့ပဲ ဖြစ်ပါတယ်။ မြောက်အမေရိကနဲ့ ဥရောပနိုင်ငံများမှာ အီသနော (၈၅)ရာခိုင်နှုန်းနဲ့ ဓာတ်ဆီ(၁၅) ရာခိုင်နှုန်းရောစပ်သုံးစွဲနေကြပြီ ဖြစ်ပါတယ်။ ထို့အတူ ထိုင်းနိုင်ငံမှာလည်း အီသနောလောင်စာဆီ ထုတ်လုပ်ပြီး ၂၀၀၄ ခုနှစ်က စတင်ပြီး အီသနော (၁၀)ရာခိုင်နှုန်းနဲ့ ဓာတ်ဆီ (၉၀)ရာခိုင်နှုန်း ရောနှောကာ စတင်အသုံးပြုခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာ ထိုင်းနိုင်ငံမှာ တစ်နိုင်ငံလုံး အီသနော လောင်စာဆီစက်ရုံများ တည်ထောင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ အီသနော (၂၀)ရာခိုင်နှုန်းနဲ့ ဓာတ်ဆီ (၈၀)ရာခိုင်နှုန်းပါ စံချိန်စံညွှန်း သတ်မှတ်သုံးစွဲခဲ့ပါတယ်။ ယခုအခါ အီသနော (၈၅) ရာခိုင်နှုန်းမှာ စံချိန်စံညွှန်း သတ်မှတ်ရောင်းချသုံးစွဲနေပြီ ဖြစ်ပါတယ်။

အီသနောကို ပြောင်း၊ ကြံ၊ ဆန်စပါးတို့မှ ကစော်ဖောက်ကာ ချက်လုပ်ခြင်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြောင်း၊ ကြံ၊ ဆန်စပါး စိုက်ကြတဲ့ တောင်သူများအနေနဲ့ ခိုင်မာတဲ့ ပြည်တွင်းဈေးကွက်တစ်ခုကို ရရှိမှာဖြစ်လို့ လယ်ယာလုပ်ငန်း လုပ်ကိုင်နေကြတဲ့ တောင်သူ လယ်သမား မိသားစုများအတွက် အကျိုးကျေးဇူးရှိနေမှာ ဖြစ်ပါတယ်။ အဲဒီလို ချက်လုပ်တဲ့အခါမှာ အီသနောလောင်စာဆီကို ရရှိသလို ကာဗွန်ဒိုင်အောက်ဆိုဒ်များလည်း ရရှိပါတယ်။ ၎င်းကာဗွန်ဒိုင် အောက်ဆိုက်များကို အချိုရည်များ၊ အချိုယမကာများ၊ အေးခဲပစ္စည်းများမှာ အသုံးပြုနိုင်ပါတယ်။ ထို့အတူ အီသနောထုတ်လုပ်ပြီးနောက် ကုန်ကြမ်းပစ္စည်းများရဲ့ သုံးပုံတစ်ပုံလောက်ဟာ အစာ ပျော့ဖတ်တစ်ခုအဖြစ်နဲ့ ထွက်လာပါတယ်။ အဲဒီအစာပျော့ဖတ်ကို တိရစ္ဆာန်အစာအဖြစ်နဲ့

အသုံးပြုနိုင်ပါတယ်။ ဒ့ါကြောင့် အီသနောလောင်စာဆီထုတ်လုပ်တဲ့ စက်ရုံများ ပေါ်ပေါက်လာခြင်းဖြင့် (က) လောင်စာဆီသုံးစွဲမှုအတွက် အကျိုးပြုနိုင်ခြင်း၊ (ခ) လယ်ယာစိုက်ပျိုးလုပ်ကိုင် ရတဲ့ တောင်သူများကို အကျိုးပြုခြင်း၊ (ဂ) တိရစ္ဆာန်အစားအစာအဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင် နေကြသူများကို အကျိုးပြုနိုင်ခြင်း၊ (ဃ)အချိုရည်များ၊ အဖျော်ယမကာများ၊ အေးခဲပစ္စည်းများနှင့် ကာဗွန်ဒိုင် အောက်ဆိုဒ်အသုံးပြုနိုင်ခြင်း၊ (င) ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိခြင်းစတဲ့ အကျိုး ကျေးဇူးများရရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ အီသနော လောင်စာဆီထုတ်လုပ်ခြင်းဟာ ပြည်ပမှ မှာယူတင်သွင်းပြီး နိုင်ငံခြားငွေပေးချေနေရတဲ့ လောင်စာ ဆီဝယ်ယူသုံးစွဲနေမှုကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မှာဖြစ်သလို ပြောင်း၊ ကြံ၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်နေကြတဲ့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် သားငါး များပြားကဏ္ဍအတွက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေကြတဲ့ မွေးမြူ ရေး လုပ်ငန်းရှင်များကိုလည်း တိရစ္ဆာန်အစားအစာကို ချိုသာသောဈေးနှုန်းနဲ့ ဝယ်ယူသုံးစွဲစေနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါကြောင့် နည်းပညာဖွံ့ဖြိုးတိုးတက်နေတဲ့ခေတ်ကြီးမှာ ကမ္ဘာကြီးဟာ ရွာကြီးဖြစ်နေ တာနဲ့အညီ ကမ္ဘာ့နည်းပညာ အပြောင်းအလဲနဲ့အတူ လိုက်ပါဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်အနေနဲ့ ပြည်သူတစ်ရပ်လုံးကို အကျိုးပြုစေဖို့ အီသနောလောင်စာဆီကို ပြည်တွင်း အရက်ချက်စက်ရုံများမှ ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့်ကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနဲ့အညီ ခွင့်ပြုပေးနိုင်ရန်နှင့် ခွင့်ပြုပေးမှုအပေါ်မှာလည်း များစွာအခက်အခဲများ ရှိနိုင် ပါကြောင်း အကြံပြုတင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ဇော်လင်းထွဋ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၁၆။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း ၏ မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှတင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောသုံးသည့် အီသနောလောင်စာဆီကို သင့်တော်သည့် ရာခိုင်နှုန်း အချိုးအစားအား ဓာတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား

လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း Mandate ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံး စီစဉ်ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အီသနောလောင်စာဆီသည် အရက်အမျိုးအစားဖြစ်ပြီး အရောင်အဆင်းမရှိ အငွေ့ပျံတတ်ကာ မီးလောင်လွယ်သောပစ္စည်းဖြစ်ကြောင်းသိရှိရပါတယ်။ ၎င်းကို ကြံ သို့မဟုတ် ပြောင်းကို ကစော်ဖောက်ခြင်း Fermentation နည်းအားဖြင့် ရရှိနိုင်ပါတယ်။ အီသနောကို သောက်သုံးသည့်အရက်များတွင် တွေ့ရှိရသလို ဝိုင်ကဲ့သို့သော အဖျော်ယမကာများ၊ ဓာတုဆိုင်ရာလုပ်ငန်းများနှင့် စွမ်းအင်အရင်းအမြစ်အချို့တွင် သုံးစွဲကြောင်း သိရှိရပါတယ်။ ထို့အပြင် အီသနောလောင်စာဆီသည် မော်တော်ကားများတွင်လည်း ဇီဝလောင်စာဖြည့်စွက်ပစ္စည်းအဖြစ် ဓာတ်ဆီနှင့်ရောနှောသုံးစွဲနိုင်ကြောင်းသိရှိရပါတယ်။ နိုင်ငံတကာတွင် အီသနောထုတ်လုပ်သည့် ၉၃ ရာခိုင်နှုန်းကို လောင်စာဆီအဖြစ် ရောနှောအသုံးပြုလျက်ရှိပြီး (၇)ရာခိုင်နှုန်းသာ အဖျော်ယာမကာ Bevrage အဖြစ် အသုံးပြုပါတယ်။

အိမ်နီးချင်းထိုင်းနိုင်ငံတွင် ၁၉၈၅ ခုနှစ်မှ စတင်၍ ထိုင်းဘုရင်၏ Personal Project အနေဖြင့် ကြံမှ အီသနောထုတ်လုပ်မှုကို စတင်စမ်းသပ်ခဲ့ကြောင်းသိရှိရပါတယ်။ ၂၀၀၄ ခုနှစ်တွင် အီသနော ၁၀ ကို စတင်အသုံးပြုခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အစိုးရပိုင် ကားအားလုံးတွင် အသုံးပြုရန် ညွှန်ကြားခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ အီသနောလောင်စာစက်ရုံတည်ဆောက်ရန် ခွင့်ပြုခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်တွင် အီသနောအတွက် အစိုးရအဖွဲ့မှ ဦးစီးပြီး စံချိန်စံညွှန်း သတ်မှတ်ပေးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်တွင် အီသနော ၂၀ ကိုစတင်ရောင်းချခဲ့သည့်အပြင် အီသနော ၈၅ အတွက်လည်း စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ရောင်းချခြင်းတို့ကို အစိုးရအဖွဲ့ကခွင့်ပြုပေးခဲ့ပါတယ်။ တစ်ပြိုင်တည်းမှာပင် ကြံစိုက်တောင်သူများအတွက် Sugar Cane Plantation ဇရိယာများတိုးချဲ့ပေးပြီး ၂၀၂၆ ခုနှစ်အထိ စီမံကိန်းများ ချမှတ်ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ယခင်စက်မှုဝန်ကြီးဌာန၏ စည်းကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်စက်ရုံ (၂)ရုံနှင့် မြန်မာ့စီးပွားရေးပိုင်စက်ရုံ (၁)ရုံတွင် စမ်းသပ်လည်ပတ်ထုတ်လုပ်ခဲ့သော်လည်း စနစ်တကျစီမံခန့်ခွဲမှုမရှိခြင်းကြောင့် မအောင်မြင်ဘဲရပ်နားခဲ့ကြောင်းသိရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံများထက် ဆောလျင်စွာအကောင်အထည်ဖော်ခဲ့သော်လည်း မည်သည့်အတွက်ကြောင့် မအောင်မြင်ဘဲ ရပ်နားခဲ့ရသည်ကို အဖြေရှာရန် အထူးလိုအပ်လှပါတယ်။ ထိုင်းနိုင်ငံတွင် အောင်မြင်ခဲ့ရခြင်းမှာ ထိုင်းဘုရင်ဦးဆောင်၍ နှစ်ပေါင်း(၂၀)နီးပါး သုတေသနလုပ်ငန်းများကို ပညာရှင်များ၊ အစိုးရအဖွဲ့ဝင်များနဲ့ ပေါင်းစပ်ညှိနှိုင်း၍ လုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့် မဆိုင်သော်လည်း အလျဉ်းသင့်သလို ကျွန်တော် တင်ပြပါမယ်။ ကျွန်တော်တို့၏ မြန်မာတိုင်းရင်းဆေးများမှာ ရှေးမြန်မာမင်းများလက်ထက်က ဖော်စပ်ခဲ့

သည့် အစွမ်းထက်သည့် ဆေးကောင်းများပါဝင်ပါတယ်။ သို့ပါသော်လည်း စနစ်တကျ သုတေသန ပြုခဲ့ခြင်းများ မရှိခဲ့သည့်အတွက် နိုင်ငံတကာသို့ ထိုးဖောက်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုင်းရင်းဆေးညီလာခံများ၊ သုတေသနစာတမ်းဖတ်ပွဲများကျင်းပ၍ မြန်မာ့တိုင်းရင်းဆေးကဏ္ဍကို အဆင့်မြင့် ကြိုးစားနေပါတယ်။ ဆိုလိုသည်မှာ သုတေသနလုပ်ငန်းများကို အစိုးရနှင့် ပေါင်းစပ် ညှိနှိုင်း၍ လုပ်ကိုင်နိုင်ရန် အထူးလိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အီသနောလောင်စာဆီ ထုတ်လုပ်ခြင်းသည် အမှန်တကယ်အကျိုး ရှိသော လုပ်ငန်းဖြစ်ပါတယ်။ လောင်စာအတွက် အခြေခံစိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ကြံ၊ ပြောင်း၊ ဆန်၊ ပီလောပီနံ အစရှိသဖြင့် စိုက်ပျိုးကေများ ပိုမိုစိုက်ပျိုးလာနိုင်မှာ ဖြစ်ပါတယ်။ စိုက်ပျိုး ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးလာနိုင်သလို နိုင်ငံတော်အတွက် လည်း မြေလွတ်၊ မြေရိုင်းများကို အကျိုးရှိစွာ အသုံးပြုလာကြမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး လုပ်ငန်းများ ဈေးကွက်ခိုင်မာမှုရှိပြီး တောင်သူများအတွက် လူနေမှုအဆင့်အတန်းလည်း မြင့်မား လာမှာ ဖြစ်ပါတယ်။ လောင်စာဆီမှ ဘေးထွက်ပစ္စည်းအနေဖြင့် ပရိုတင်းကြွယ်ဝသော ပျော်ဝင် ပစ္စည်းကြောင့် ထွက်ရှိကြောင်းလည်း သိရှိရတဲ့အတွက် ၎င်းကို တိရစ္ဆာန်များအစားအစာအဖြစ် အသုံးပြုခြင်းအားဖြင့် နိုင်ငံခြားမှ တိရစ္ဆာန်အစာအစာ တင်သွင်းရေးကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ မော်တော်ယာဉ်များမှလည်း ကာဗွန်ထုတ်လုပ်မှုလျှော့နည်းနိုင်ခြင်းကြောင့် လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ သွင်းကုန်ပမာဏလျှော့ချပြီး သွင်းကုန်အစားထိုးပစ္စည်းများ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန် သဘာဝပတ်ဝန်းကျင်ကို ကူညီပေးနိုင်ရန် အီသနောလောင်စာဆီကို နိုင်ငံတကာတွင် ထုတ်လုပ်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ထုတ်လုပ်နိုင်ရန် ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ၏ စေတနာကို လေးစားမိပါသော်လည်း ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် အဆင်မသင့်သေးပါကြောင်း တင်ပြအပ်ပါတယ်။ ထိုင်းနိုင်ငံကဲ့သို့ Stakeholder တစ်ဦးက ဦးဆောင်မတည်ပြီးတော့ Multisectoral Collaboration National Body တစ်ခုတည်ထောင်ပြီးမှ Research လုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ရန် လိုအပ် နေပါသဖြင့် မှတ်တမ်းအဖြစ်သာထားရှိသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃:၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု

အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို (၁၃)ရက်မြောက်နေ့ အစည်းအဝေး ၂၅-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၃:၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့ အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထား သော ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ သက်တမ်းမှာ တစ်နှစ် ပြည့်မြောက်ပြီးဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေး ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး(၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃:၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက် (ဗုဒ္ဓဟူး) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၃:၂၃ နာရီအချိန်တွင် ရပ်နားပါသည်။]